
www.dhammadownload.com

ဓမ္မဒူတစာစဉ်

ဓမ္မဒူတ
ဒေါက်တာအရှင်ပညိဿရ
B.A (Myanmar), M.A (SriLanka), Ph.D (India)
သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတဂဏဝါစက ဓမ္မာစရိယ
ဓမ္မကထိက ဗဟုဇနဟိတဓရ မဟာဂန္ထဝါစကပဏ္ဍိတ

ဓမ္မဒူတဘာသာရေးမဂ္ဂဇင်း

# ဩဝါဒကထာများ



www.dhammadownload.com

တရားကျင့်တယ်ဆိုတာ

အသိစိတ်မရှိဘဲနဲ့ ကျင့်လို့မရပါဘူး။

တရားကျင့်တဲ့အလုပ်က စိတ်အလုပ်ပါ။

စိတ်က ဦးဆောင်ပြီး ရှုမှတ်ရတာပါ။

စိတ်အလုပ်ကို လုပ်တဲ့နေရာမှာ

စိတ်ချို့တဲ့နေပါတယ်၊

စိတ်မရှိပါဘူးဆိုမှတော့

ကျင့်လို့မရတော့ပါဘူး။

ဓမ္မဒူတ
ဒေါက်တာအရှင်ပညိဿရ
B.A (Myanmar), M.A (SriLanka), Ph.D (India)
သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတဂဏဝါစက ဓမ္မာစရိယ
ဓမ္မကထိက ဗဟုဇနဟိတရေ မဟာဂန္ထဝါစကပဏ္ဍိတ

ဓမ္မဒူတဘာသာရေးမဂ္ဂဇင်း

# သြဝါဒကထာများ

www.dhammadownload.com

ဓမ္မဒူတ
ဒေါက်တာအရှင်ပညိဿရ
B.A(Myanmar), M.A (Srilanka), Ph.D (India)
သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတကာရဂဏဝါစက ဓမ္မာစရိယ
ဓမ္မကထိက ဗဟုဇနဟိတဓရ၊ မဟာဂန္ထဝါစကပဏ္ဍိတ

ဓမ္မဒူတမဂ္ဂဇင်း

# ဩဝါဒကထာများ

ဖြန့်ချိရေး
**ဆုပြည့်စုံထွန်းစာပေ**
အမှတ် – ၅၀၈/၅၁၂။ (၂–ခ)၊ ပထမထပ်၊ (သရဖီကွန်ဒို)၊
ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃။

www.dhammadownload.com

## ဓမ္မဒူတ တရားတမန်


ဓမ္မဒူတ စာပို့ချ သင်ကြ ကျင့်ကြစေ။

ဓမ္မဒူတ စာရေးပြု ဖတ်ကြ ကျင့်ကြစေ။

ဓမ္မဒူတ ဟောဖော်ပြု နာကြ ကျင့်ကြစေ။

ဓမ္မဒူတ တရားပြု ကျင့်ကြ ကျိုးရစေ။

www.dhammadownload.com



ဓမ္မဒူတ

# ဒေါက်တာအရှင်ပညိဿရ

**B.A (Myanmar), M.A (SriLanka), Ph.D (India)**

သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတဂဏဝါစကဓမ္မာစရိယ

ဓမ္မကထိက ဗဟုဇနဟိတဓရ၊ မဟာဂန္ထဝါစကပဏ္ဍိတ

www.dhammadownload.com

# မမ္မဒူတ
# ဒေါက်တာအရှင်ပညာသိဃရ
# ၏
# ထေရုပ္ပတ္တိအကျဉ်းချုပ်

- မွန်ပြည်နယ်၊ သထုံမြို့ ညောင်ဝိုင်းရပ်နေ ဦးကျော်လှိုင် + ဒေါ်မြင့် ကြည်တို့မှ ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက်နေ့တွင် ဖွားမြင်သည်။
- တောင်စွန်း မမ္မဒူတတောရကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တပညာဇောတ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ကို ဥပဇ္ဈာယ်ပြုကာ ရှင်အဖြစ်၊ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။
- တောင်စွန်းမမ္မဒူတတောရ၊ မန္တလေးမြို့ မစိုးရိမ်တိုက်ဟောင်း၊ မစိုးရိမ်တိုက်သစ်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်၊ စစ်ကိုင်း

www.dhammadownload.com

တောင်ရိုး သဒ္ဓမ္မသီတဂူချောင်တို့တွင်လည်း ကောင်း၊ သီရိလင်္ကာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ တို့တွင်လည်းကောင်း ပညာသင်ယူခဲ့ပါသည်။

- သာသနဓဇ ဓမ္မာစရိယဘွဲ့၊
- သာသနဇောတိပါလ ဓမ္မာစရိယဘွဲ့၊
- သာသနဟိတ ဂဏဝါစက ဓမ္မာစရိယဘွဲ့၊
- B.A (Myanmar), M.A (SriLanka), Ph.D (India) ဘွဲ့တို့ကို ရရှိခဲ့ သည်။
- ၂၀၀၆ ခုနှစ်တွင် နိုင်ငံတော်မှ ဆက်ကပ်သော မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တော် ကို ရရှိခဲ့သည်။
- ၂၀၁၀ ပြည့်နှစ်တွင် သထုံမြို့ သုဝဏ္ဏဘူမိ ပရိယတ္တိ သာသနဟိတအသင်းကြီးမှ ဆက်ကပ် သော အဘိဝံသဘွဲ့တော် ကို ရရှိခဲ့သည်။
- ၂၀၁၀ပြည့်နှစ်တွင်နိုင်ငံတော်မှဆက်ကပ်သော ဓမ္မကထိက ဗဟုဇန ဟိတဓရ ဘွဲ့တော် ကို ရရှိခဲ့ သည်။
- ဓမ္မဒူတဆရာတော်ကြီးလွန်တော်မူသည့် ၁၉၉၇ ခုနှစ်မှ ၂၀၀၅ ခုနှစ်ထိ တောင်စွန်း ဓမ္မဒူတ တောရကျောင်းတိုက် နာယကဆရာတော် အဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

www.dhammadownload.com

- ၂၀၀၄ ခုနှစ်မှစတင်၍ သထုံမြို့နယ်၊ ကျိုက်ကော် ကျေးရွာတွင် ဓမ္မဒူတ သုခိတာရုံကျောင်းတိုက်ကို တည်ထောင်ဖွင့်လှစ်ကာ ပဓာနနာယက ဆရာတော်အဖြစ် တာဝန်ယူဆောင်ရွက်သည်။
- ၂၀၀၅ ခုနှစ်မှ စတင်၍ ပဲခူးမြို့ ဆယ်မိုင်ကုန်းတွင် ဓမ္မဒူတတောရ သာသနာ့ရိပ်သာကို တည်ထောင်ဖွင့်လှစ်သည်။
- ၂၀၁၃ ခုနှစ်မှစတင်၍ ကျိုက်ထိုမြို့တွင် ဓမ္မဒူတ တောရသာသနာ့ရိပ်သာကို တည်ထောင်ဖွင့်လှစ်သည်။
- ၂၀၁၃ ခုနှစ်မှစတင်၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဥယျာဉ်တိုက်အတွင်းတွင် ဓမ္မဒူတ အောင်ခြင်းကျောင်းတိုက်အား တည်ထောင်ဖွင့်လှစ်ခဲ့သည်။
- ဓမ္မဒူတတောရ သာသနာ့ရိပ်သာများ၏ ပဓာနနာယကဆရာတော်အဖြစ် ဆောင်ရွက်ပြီး စာရေး၊ စာချ၊ တရားဟော၊ တရားပြကာ သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

www.dhammadownload.com

# မာတိကာ


ကြည့်တတ်ရင် တရားမြင် ၁၂

ကောင်းကံနဲ့ မကောင်းကံ ၁၆

အင်အားအကြီးဆုံးမင်း ၁၈

ယူမှားမိစ္ဆာ စွဲနေတာ ၂၀

ကမ်းမမြင် လမ်းမမြင် ၂၂

ကုသိုလ်ကောင်းမှု ချက်ချင်းပြု ၂၆

လွဲမှားနဲ့ စွဲမှား ၂၉

ဆရာသမားက မဆုံးမဘူးလား ၃၁

အဆူဆူသော မြတ်ဘုရားတို့ရဲ့အဆုံးအမ ၃၄

ခန္ဓာကပြောတဲ့ တရား ၃၇

အိုနာသေ မကင်းတဲ့ဘဝ ၄၀

မကြားချင်ဆုံး စကားလုံးများ ၄၃

အချင်းချင်း မကယ်တင်နိုင် ၄၆

နက်ဖြန်ဆိုတာ မသေချာ ၄၉

www.dhammadownload.com


| | |
|---|---|
| သေမည့်ရက် မသိနိုင် | ၅၂ |
| အိုနာသေတွေ ကြုံလာချိန်မှာ | ၅၅ |
| အားကိုးရာရှာကြသော်လည်း | ၅၇ |
| ကိုယ့်တရားက စောင့်ရှောက် | ၆၀ |
| ကိုယ်မပိုင်တဲ့ဘဝ | ၆၂ |
| လမ်းလွဲလမ်းချော်ရင် | ၆၅ |
| ဘဝထဲမှာ ဘာတွေပါလာ | ၆၇ |
| အို နာ သေ တို့ လွတ်ချင်လို့ | ၇၀ |
| လက်ဆင့်ကမ်းကူးပြောင်း | ၇၃ |
| မစွန့်နိုင် မစားနိုင်သူ | ၇၅ |
| ကိုယ့်ဥစ္စာ အစစ်အမှန် | ၇၈ |
| ဘဝတိုးတက်အောင်ကျင့် | ၈၀ |
| လူနဲ့တိရစ္ဆာန်ကွာခြား | ၈၃ |
| ပြိတ္တာဘဝ ဖြစ်နေတာ | ၈၆ |
| တဏှာကျွန်ခံနေရ | ၈၈ |
| အခွင့်အရေးဆုံးရှုံး | ၉၀ |
| ငရဲ တိရစ္ဆာန် ပြိတ္တာနဲ့ တူ | ၉၂ |
| အသည်းသတ်ပြဟ္မာ ဖြစ်နေရာ | ၉၄ |

www.dhammadownload.com


| | |
|---|---|
| ဘဝတိုင်းမရနိုင် | ၉၆ |
| သာသနာဝေးကွာ လူဖြစ်လာ | ၉၉ |
| လိုက်နာမှ နီးစပ် | ၁၀၂ |
| အကျင့်အမျိုးမျိုး | ၁၀၄ |
| နောင်ကြုံဖို့ခဲယဉ်း | ၁၀၈ |
| တရားကျင့်သူတစ်ယောက် | ၁၁၁ |
| ငရဲဘဝ ရောက်နေက | ၁၁၅ |
| လူ့ဘဝကို အမွှမ်းတင် | ၁၁၉ |
| တစ်ချက်လွဲသွားရင် | ၁၂၂ |
| တိရစ္ဆာန်ဘဝ ရောက်ပြန်က | ၁၂၆ |
| ဘာဝနာဆိုသည်မှာ | ၁၂၈ |
| ကိုယ့်ရဲ့ကာယ်တင်ရှင် | ၁၃၁ |
| စစ်တမ်းထုတ် အဖြေမှန်ရှာ | ၁၃၄ |
| ဆွံ့အနားပင်း သိဉာဏ်ဖျင်း | ၁၃၇ |
| ကိုယ့်အသိဉာဏ် မသေချာ | ၁၄၀ |
| ရှာကိုရှာရမှာက | ၁၄၂ |

www.dhammadownload.com

# ကြည့်တတ်ရင် တရားမြင်

ကြည့်တတ်တဲ့သူ၊ မြင်တတ်တဲ့သူအဖို့ တရားဖြစ်စရာ၊ တရားရစရာအကြောင်းတွေဟာ ကိုယ့်အနားမှာပဲ ရှိနေပါတယ်။ ကိုယ့်ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတာတွေကို ကြည့်မြင်သုံးသပ်တတ်လျှင်လည်း တရားထူး၊ တရားမြတ်ရသွားနိုင်ပါတယ်။ ကြည့်တတ်ရင် ဘာဝနာလို့ပြောတဲ့အတိုင်း ကြည့်မြင်တတ်သူတို့အတွက်အရာရာဟာတရားအတွက် အထောက်အကူ ဖြစ်စေပါတယ်။ တရားရနိုင်ပါတယ်။

အသေးအဖွဲလေးဖြစ်ပါစေ၊ ဘယ်အရာကိုပဲ ကြည့်ကြည့်၊ နက်နက်နဲနဲ တွေးတောဆင်ခြင်ပြီး တော့ ကြည့်မြင်သုံးသပ်မယ်၊ တရားဓမ္မနဲ့အညီ

www.dhammadownload.com



ရှုမြင်မယ်ဆိုရင် တရားဖြစ်သွားပါတယ်။ တရားမြင်အောင် ဘာကိုကြည့်ရမှာလဲလို့ဆိုရင်တော့ တစ်လောကလုံး ဘာကိုပဲကြည့်ကြည့် သက်ရှိသက်မဲ့လောကကြီးဟာ ကိုယ့်ကိုအထင်အရှား တရားပြနေပါတယ်။ ဆရာမရှိဘူး၊ ဆရာရှာမတွေ့ဘူးဆိုရင် တရားမြင်ဖို့ လောကကြီးကို ဆရာတင်လိုက်ပါလို့ ပြောချင်ပါတယ်။

လက်ရှိလောကကြီးထဲမှာ ဖြစ်ပေါ်နေတဲ့ အကြောင်းအရာအားလုံးဟာ တရားပြနေတယ်လို့ မှတ်ယူနိုင်ပါတယ်။ တရားပြနေပေမဲ့ ကြည့်တတ်မှ တရားရပါတယ်။ မကြည့်တတ်၊ မမြင်တတ်ရင်လည်း တရားမရပါဘူး။ ကိုယ့်ပတ်ဝန်းကျင်လောကဆိုတာက သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကဆိုပြီး လောကသုံးပါးရှိပါတယ်။

သူသူငါငါအားလုံးသော သတ္တဝါတွေက "သတ္တလောက"၊ အဲဒီသတ္တဝါတွေနေထိုင်ကြတဲ့ ကမ္ဘာမြေစကြဝဠာက "ဩကာသ လောက"၊ သတ္တဝါတို့မှာ ရှိနေကြတဲ့ ရုပ်နာမ်တရားတွေကိုကျတော့ "သင်္ခါရ လောက"လို့ခေါ်ပါတယ်။ အဲဒီလောက သုံးပါးမှာ ဘယ်လောကကိုပဲ ကြည့်လိုက်ကြည့်လိုက်၊ ဘယ်

www.dhammadownload.com



နေရာကိုပဲ ကြည့်လိုက်ကြည့်လိုက်ပါ။ ကြည့်မြင်တတ်သူတို့အတွက် လောကကြီးဟာ ဆရာသမားနဲ့ တူပါတယ်။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် လောကကြီးက သတ္တဝါတွေကိုတရားပြနေတယ်လို့ ပြောရမှာပါ။

သင်ခန်းစာယူတတ်မယ်ဆိုရင်လည်း လောကကြီးမှာ သင်ခန်းစာတွေအများကြီးပါ။ အတုယူတတ်မယ်ဆိုရင်လည်း လောကထဲမှာ အတုယူစရာတွေ အများကြီးပါ။ မိုးတွင်းကာလ တဝေါဝေါနဲ့မိုးရွာတော့ ကိုယ့်အိမ်တံစက်မြိတ်ကနေ ရေတွေ တစ်ပေါက်ပြီး တစ်ပေါက်ကျတာကိုတွေ့ရပါလိမ့်မယ်။

တံစက်မြိတ်အောက်မှာ ခံထားတဲ့အိုးထဲ တစ်ပေါက်ချင်း တစ်ပေါက်ချင်း ကျပါများတော့ အိုးထဲမှာရေပြည့်သွားတယ်။ ဒါကိုကြည့်မြင်သုံးသပ်တတ်တဲ့ သူက "သြော် . . . အတတ်ပညာဆိုတာ တဖြည်းဖြည်းချင်း စုယူရတယ်"လို့ သဘောပေါက်ပြီး တဖြည်းဖြည်း ချင်းဆည်းပူးသွားရင်လည်း ပညာရှိတစ်ယောက် ဖြစ်လာပါတယ်။

"ဥစ္စာပစ္စည်းတွေလည်း နည်းနည်းချင်း နည်းနည်းချင်း စုဆောင်းသွားမယ်ဆိုရင် တဖြည်းဖြည်း

www.dhammadownload.com



နင့် များပြားတဲ့ဥစ္စာပစ္စည်းတွေ ဖြစ်လာလိမ့်မယ်" လို့ နည်းယူလိုက်ရင် ဒါဟာ စီးပွားရှာနည်းဖြစ်သွားပါတယ်။ ဒီနည်းတွေကို ဘယ်သူကပေးတာလဲ ဆိုတော့ ပတ်ဝန်းကျင်လောကက သင်ပြပေးလိုက်တာပါ။

ဥစ္စာပစ္စည်းကိုစုရင် စီးပွားဖြစ်သလို ကုသိုလ်ရေးရာဘက်က တွေးကြည့်ပြီး ကုသိုလ်တရားတွေကို တတ်နိုင်သလောက် နည်းနည်းချင်း ကြိုးစားပြီးတော့ ပြုလုပ်သွားမယ်ဆိုရင် ကုသိုလ်တရားတွေ ပြည့်စုံသွားလိမ့်မယ်။ ကိုယ်တတ်နိုင်တဲ့ အနေအထားအရ ကောင်းမှုတွေပြုမယ်၊ သီလတရားတွေလည်း စောင့်သုံးမယ်၊ ဘာဝနာတရားတွေလည်း ကျင့်ကြံပွားများမယ်ဆိုရင် ပြည့်စုံလာပါလိမ့်မယ်။

www.dhammadownload.com

# ကောင်းကံနဲ့ မကောင်းကံ

ကံကို နှစ်မျိုးနှစ်စားခွဲခြားနိုင်ပါတယ်။ ကောင်းတဲ့ကံနဲ့မကောင်းတဲ့ကံလို့နှစ်မျိုးပါ။ တစ်ခါတစ်ရံမှာ ကောင်းတဲ့ကုသိုလ်တွေပြုတယ်ဆိုရင် ဒီကောင်းကံတွေကိုကိုယ်ပိုင်ပါမယ်။ တစ်ခါတစ်ရံမှာမကောင်းမှုတွေ ပြုဦးမယ်ဆိုရင်လည်း ဒီမကောင်းမှု မကောင်းကံကိုကိုယ်ပိုင်နေပါလိမ့်မယ်။ ဘုန်းကြီးတို့ဓမ္မပဒမှာ မြတ်စွာဘုရားက ဥပမာပေးတယ်။ ကောင်းတဲ့ကုသိုလ်ကံသည် လူ့ရဲ့နောက်ကို အရိပ်ပမာ လိုက်နေတယ်တဲ့။ ကောင်းတဲ့ကုသိုလ်ကံကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက အရိပ်လို့ ဥပမာထား ပြောပါတယ်။

လူ့ရဲ့နောက်ကအရိပ်သည် လူနောက်ကို အစဉ်တစိုက် လိုက်ပါတယ်။ အရိပ်က လူနဲ့မခွဲဘဲ အမြဲ

www.dhammadownload.com



တမ်း လိုက်ပါတယ်။ ဒီအရိပ် လိုက်နေတဲ့အတွက် ကြောင့် ဘုန်းကြီးတို့ပရိသတ် လေးတယ်တို့၊ ပင်ပန်းတယ်တို့ မဖြစ်ပါဘူး။ ကိုယ့်အရိပ် ကိုယ့်နောက်ကို ပါလာတယ်လို့ သတိတောင်မှ မထားမိပါဘူး။ ကိုယ့်အရိပ်ကြောင့် ကိုယ့်မှာ ဆင်းရဲဒုက္ခ တစ်စုံတစ်ရာလည်း မဖြစ်ပါဘူး။ ကိုယ့်နောက်ကို လိုက်တဲ့ အရိပ်ဟာ ကိုယ့်ကိုယ်ပိုင်အရိပ်ပါ။ အကုသိုလ်ကံကိုကျတော့ နွားနောက်လိုက်တဲ့ လှည်းဘီးပမာ အစဉ်အစိုက်လိုက်ပါတယ်လို့ မိန့်တော်မူပါတယ်။ လှည်းဘီးဆိုတာလှည်းပေါ်ကဝန်စည်စလယ်တွေရဲ့ အလေးချိန်ကိုထမ်းထားရတော့လေးပါတယ်။ဝန်ပိနေပါတယ်။ အကုသိုလ်ကို မြတ်စွာဘုရားက လေးတဲ့လှည်းဘီးနဲ့ဥပမာပေးပြီး ကုသိုလ်ကံကိုကျတော့ ပေ့ါပါးတဲ့အရိပ်နဲ့ဥပမာပေးပါတယ်။ဝန်ရှန်းတဲ့နွားရဲ့ နောက်က တကောက်ကောက်ပါနေရတဲ့ လှည်းဘီးလို လူ့နောက်ကိုလိုက်လာတဲ့ အကုသိုလ်ကံတွေဟာ လူကို ဖိစီးနှိပ်စက်မယ်။ ဒုက္ခပေးမယ်။ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်စေတယ်ဆိုတဲ့ သဘောတရားမျိုးကို ဆိုလိုချင်တာတွေ့ရပါလိမ့်မယ်။

www.dhammadownload.com

# အင်အားအကြီးဆုံးမင်း

နပတိ နော သက်ရံ တေန၊ မဟာသေနေန မစ္စုနာ။

သေမင်းဟာ အင်မတန်မှ အင်အားကြီးပါတယ်။ လောကမှာ အင်အားအကြီးဆုံးမင်းသည် သေမင်းပါ။

အတိုင်းတိုင်းအပြည်ပြည်က မင်းတွေ ဘယ်လောက် လက်နက်ဆန်းတွေရှိတယ်ပြောပြော၊ ဘယ်လောက်ပဲ အစွမ်းထက်တယ်ပြောပြော၊ သေမင်းကိုတော့ ယှဉ်လို့မရပါဘူး။ သေမင်းကို အနိုင်မယူနိုင်ပါဘူး။ သိပ္ပံပညာအစွမ်းနဲ့ ဘယ်လိုပဲ အစွမ်းထက်တယ်ပြောပြော၊ သေမင်းနဲ့တွေ့တဲ့အချိန်မှာ အရှုံးပေးကြရပါတယ်။ အင်အားအကြီးဆုံးမင်းသည် သေမင်းပါ။

www.dhammadownload.com



သေမင်းကို အနိုင်လည်းယူလို့မရပါဘူး။ တံစိုးလက် ဆောင်ပေးပြီးတော့ ဒီနေ့ဒီရက်မခေါ်ပါနဲ့ဦး။ နောက်မှခေါ်ပါ။ မိနစ်ပိုင်းလောက် အချိန်ပေးပါ။ ရက်ပိုင်းလောက် အချိန်ပေးပါဦး။ ခဏတစ်ဖြုတ်လေး ကုသိုလ်ကောင်းမှုတွေ ပြုချင်ပါသေးတယ်လို့ တောင်းပန်တိုးလျှိုးလို့လည်း မရပါဘူး။

တချို့သေကောင်ပေါင်းလဲဖြစ်နေတဲ့သူတွေကို ဘေးကမိသားစုတွေက မကြည့်ရက်ဘူး။ ဘယ်လောက်ကုန်ကုန် ဘယ်လောက်ကျကျ အသက်ပြန်ရှင်ရင် တော်ပါပြီ။ ရှိသမျှစည်းစိမ်တွေ ကုန်ချင်ကုန်သွားပါစေ ကုလိုက်မယ်လို့ ကြိမ်းဝါးကြပါတယ်။ ကုတိုင်းလည်း မရပါဘူး။

စည်းစိမ်ချမ်းသာတွေ ပုံပေးလည်းမရပါဘူး။ ပစ္စည်းဥစ္စာနဲ့လည်း အနိုင်ယူလို့မရဘူး။ လက်နက်အင်အားနဲ့လည်း အနိုင်တိုက်လို့မရဘူး။ ဒါကြောင့် သေမင်းကို ဘယ်သူမှ မတွန်းလှန်နိုင်တဲ့အတွက်ကြောင့် သေမင်းနောက်ကို ကောက်ကောက်ပါလိုက်သွားရမှာဖြစ်လို့ မသေခင်မှာ ကြိုတင်ကာ ကုသိုလ်ကောင်းမှုကို ပြုရပါမယ်။

www.dhammadownload.com

# ယူမှားမိစ္ဆာ စွဲနေတာ

မှားယွင်းတဲ့ အယူဝါဒတွေ ဆုပ်ကိုင်ပြီးတော့ မှားတဲ့အကျင့်ကို စွဲစွဲလမ်းလမ်းကျင့်နေသူဟာ အယူမှားသူ မိစ္ဆာဒိဋ္ဌိပါ။

အယူဝါဒအမှားဆိုတာ ခေတ်အဆက်ဆက်မှာ ရှိပါတယ်။ သက်တော်ထင်ရှား ဘုရားပွင့်နေတဲ့ အချိန်မှာတောင် မြတ်စွာဘုရားနဲ့ ခေတ်ပြိုင်ဘုရား တွေ အိန္ဒိယမှာ ပေါ်ပေါက်ခဲ့ပါတယ်။ မြတ်စွာဘုရား နဲ့ အပြိုင် သူတို့ကလည်း သူတို့ကိုယ်သူတို့ ဘုရားလို့ ဝန်ခံကြပါတယ်။

သူတို့မှာလည်း တပည့်သာဝကတွေ ရှိကြပါ တယ်။ တရားဓမ္မတွေဟောပါတယ်။ ကျင့်ကြံအား ထုတ်ကြပါတယ်။ သို့သော်လည်း အယူမှား အကျင့်

www.dhammadownload.com



များတွေပါ။ အများတွေကို အမှန်ထင်ကာ ဟောပြော လိုက်နာ ကျင့်ကြံနေကြတာပါ။

ဘုရားအလောင်းတော် တရားကျင့်လို့ အမှန်တရားသိမြင် ဘုရားရှင်အဖြစ်ကို ရောက်ပြီးတဲ့အခါမှာ လောကမှာကျင့်နေကြတဲ့ အကျင့်အမျိုးမျိုးကို သုံးသပ်ပြီးတော့ မှန်ကန်တဲ့အကျင့်ဟာ မဂ္ဂင်အကျင့်ပဲလို့ တိတိကျကျဟောပါတယ်။ မဂ္ဂင်ရှစ်ပါးအကျင့်တရားမှတစ်ပါးအကျင့်ကောင်းအကျင့်မြတ် မရှိပါဘူးလို့ ဟောပါတယ်။ မဂ္ဂင်အကျင့်ဆိုတာ သီလ သမာဓိ ပညာ ကျင့်စဉ်တွေပါ။

အကျင့်တစ်ခုဟာ သီလကို ဖြူစင်စေတယ်ဆိုရင် ကောင်းတဲ့အကျင့်ပါ။ သမာဓိတည်စေတဲ့အကျင့်ဆိုရင်လည်း အကျင့်ကောင်းပါ။ ဒါမှမဟုတ် ပညာဉာဏ်ကို တိုးတက်စေတဲ့ အကျင့်ဆိုရင်လည်း မှန်ကန်တဲ့အကျင့်ပါပဲ။ သီလ သမာဓိ ပညာ ဘာတစ်ခုကိုမှ မဖြစ်ပေါ်စေ မတိုးတက်စေတဲ့အကျင့်ဟာ အကျင့်ကောင်းတစ်ခု မဖြစ်နိုင်ပါ။ အကျင့်များလို့သာ ပြောရမှာပါ။

www.dhammadownload.com

# ကမ်းမမြင် လမ်းမမြင်

မြတ်စွာဘုရားရှင် ဟောပြောတော်မူတဲ့ ဩဃ ဆိုတဲ့ သဘောတရားဟာ ပင်လယ်သမုဒ္ဒရာနဲ့ တူပါတယ်။ အနီးစပ်ဆုံးဥပမာပြောရမယ်ဆိုရင်ပင်လယ် ခရီးသွားနေတဲ့ လူတစ်ယောက်ဟာ ဒီဘက်ကမ်း ကနေ ဟိုဘက်ကမ်းကို ရောက်ချင်တယ်ဆိုရင် ပင်လယ်ပြင်ကြီးကို မလွဲမသွေ ဖြတ်ကျော်ရပါတယ်။ ဒီဘက်ကမ်း လောကသံသရာနဲ့ ဟိုဘက် ကမ်းနိဗ္ဗာန်ဆိုတဲ့ကမ်းနှစ်ဖက်ကြားမှာဩဃရေပြင် ကျယ်ကြီး ခံနေတယ်လို့ သိထားရပါတယ်။

ဒီဘက်ကမ်းကနေပြီးတော့ ဟိုဘက်ကမ်းကို ကူးခတ်တဲ့သူတိုင်း ဟိုဘက်ကမ်းမရောက်ပါဘူး။ ပင်လယ်ထဲမှာ နစ်မြုပ်သွားတာလည်း ရှိပါတယ်။

www.dhammadownload.com



သေဆုံးသွားတာလည်း ရှိပါတယ်။ လက်လျှော့ပြီး တော့ နောက်ကြောင်းပြန်လှည့်တယ်လို့လည်း ဖြစ်ပါတယ်။ ဒီလိုပါပဲ။ ဒီဘက်ကမ်း သံသရာကနေ ဟိုဘက်ကမ်း နိဗ္ဗာန်ကို ကူးရာမှာ အလွယ်တကူ တော့ မရောက်နိုင်ပါဘူး။ ကြားမှာ ခံနေရတဲ့ ဩဃ လေးသွယ်ဆိုတဲ့ ရေပြင်ကျယ်ကို ကျော်လွန်သွားမှ ရောက်မှာပါ။

ကာမောဃနဲ့ ဘဝေါဃဆိုတာက လိုချင် လောဘပါ။ ဒိဋ္ဌောဃဆိုတာက အယူမှားဒိဋ္ဌိပါ။ အဝိဇ္ဇောဃဆိုတာက မသိမှုအဝိဇ္ဇာပါ။ လောဘ ရယ်၊ ဒိဋ္ဌိရယ်၊ မောဟရယ်လို့ တရားကိုယ်သဘော တရား ရှိပါတယ်။ လောဘ၊ ဒိဋ္ဌိ၊ မောဟ သုံးမျိုးကို လွန်မြောက်အောင် ကူးခတ်ရပါမယ်။ ဟိုဘက်ကမ်း ကို ရောက်အောင် အားသွန်ခွန်စိုက် ကူးခတ်နေရ ပါမယ်။ ဟိုဘက်ကမ်း ရောက်သွားရင် ဘယ်ကို ရောက်မှာလဲဆို တော့ နိဗ္ဗာန်ရောက်မှာပါ။

နိဗ္ဗာန်ရောက်ဖို့အတွက် ရေပြင်ကျယ်နဲ့တူတဲ့ လောဘပင်လယ်၊ ဒိဋ္ဌိပင်လယ်၊ မောဟပင်လယ် တွေကို မကျော်လွန်နိုင်လို့ မရပါဘူး။ ကျော်လွန်နိုင် သွားသူက အရိယာသူတော်စင်တွေပါ။ မကျော်လွန်

www.dhammadownload.com



နိုင်ဘဲ မျောပါသွားတဲ့သူ၊ ခြေကုန်လက်ပန်းကျတဲ့သူ၊ နောက်ပြန်လှည့်တတ်တဲ့ သူက တရားမမြင်ပုထုဇဉ်ပါ။

သံသရာဝဲဩဃရေပြင်ကျယ်ကိုအောင်မြင်စွာ ကူးသွားနိုင်အောင် အသေအချာလေ့ကျင့်ရပါမယ်။ ဇွဲ လုံ့လ ဝီရိယ ရှိရပါမယ်။ အသိဉာဏ်ပညာ ပြည့်စုံရပါမယ်။

လောဘကိုလည်း ကျော်လွှားနိုင်ပြီ၊ ဒိဋ္ဌိကိုလည်း ကျော်လွှန်နိုင်ပြီ၊ မောဟတွေ လွှားကျော်ဖြတ်နိုင်ပြီဆိုရင် အေးငြိမ်းချမ်းသာတဲ့ ဟိုဘက်ကမ်းရောက်ပါတယ်။ နိဗ္ဗာန်ကမ်းတစ်ဖက်ကို တက်လှမ်းသွားသူက တရားမြင်တဲ့ အရိယာပါ။ မတက်နိုင်သေးသူက တရားမမြင်တဲ့ ပုထုဇဉ်ပါ။ တရားမမြင်သူတွေဟာ ကြိုးစားကူးခတ်ဖို့ လိုပါတယ်။ တရားဓမ္မကို သိမြင်ဖို့၊ ကျင့်ကြံအားထုတ်ဖို့ လိုပါတယ်။

တရားမမြင်တဲ့ ပုထုဇဉ်ဘဝဟာ အင်မတန်မှ အပြစ်များပါတယ်။ အပါယ်ငရဲကိုလည်းပဲ ကျနိုင်သေးတယ်။ အမှန်ကိုလည်း အမှား ထင်နိုင်သေးတယ်။ ဆရာလွဲမှားလို့ ကိုးကွယ်ယုံကြည်မှုတွေနဲ့ ချွတ်ချော်တိမ်းပါးနိုင်ပါတယ်။ တရားမမြင်အောင်

နီဝရဏ တရားတွေရဲ့ ပိတ်ဆို့မှု ခံနေရတယ်ဆိုတာကို နားလည်သဘောပေါက်ရပါမယ်။

အခု ဘုန်းကြီးပြောခဲ့တဲ့ အကြောင်းအချက်တွေဟာ နီးလျက်နဲ့ ဝေးနေရတဲ့အကြောင်းရင်းတွေပါပဲ။ နီးပင်နီးပေမဲ့ တရားမမြင်နိုင်အောင် ဝေးကွာသွားစေတဲ့အကြောင်းရင်းတွေပါပဲ။

www.dhammadownload.com

# ကုသိုလ်ကောင်းမှု ချက်ချင်းပြု

အဇ္ဇေဝ – အခါမရွေ့ဤယနေ့ကပင်လျှင် ကိစ္စံ – ပြုသင့်ပြုထိုက်တဲ့ အရေးကြီးတဲ့ ကိစ္စမှန်သမျှကို၊ ကိစ္စံ – ပြုသင့်ပြုထိုက်တဲ့ကိစ္စမှန်သမျှကို၊ ကာတဗ္ဗံ – မုချပုံသေ ပြုအပ်ပါပေ၏။

ကုသိုလ်ကောင်းမှုကိုမနက်ဖြန်ခါရွှေ့ရမှာလား၊ ဒီနေ့ လုပ်ရမှာလားဆိုရင် ဒီနေ့လုပ်ရမှာပါ။

နောင်မှလုပ်မယ်ဆိုပြီးတော့ မနက်ဖြန် ရွှေ့လိုက်တော့ မသေချာပါဘူး။

ကုန်သည်ကြီးဟာ အရှင်အာနန္ဒာ ကိုယ်တော်မြတ်ကို ဖူးမြင်ရတော့ ကြည်ညိုတယ်။ သဒ္ဓါတရားတွေ ဖြစ်တယ်။ ကုန်သည်ကြီးကို အရှင်မြတ်က လည်း သတိပေးတယ်။ ကုန်သည်ကြီးတဲ့ လူ့

www.dhammadownload.com



အသက်သည် မမြဲဘူး။ ကုသိုလ်ကောင်းမှုကို ကြိုးစားပြီးတော့ ပြုပါ။ ကုသိုလ်ကောင်းမှုတွေ မမေ့မလျော့နဲ့လို့သတိပေးတော့ကုန်သည်ကြီးကလည်း ပါးနပ်သူဆိုတော့ ရိပ်မိတယ်။ "အရှင်ဘုရား တပည့်တော်မှာ အသက်အန္တရာယ်တစ်စုံတစ်ရာများ ရှိပါသလား ဘုရား" တဲ့။ ဒီတော့ အရှင်မြတ်ကလည်း ပွင့်ပွင့်လင်းလင်းပဲ အမိန့်ရှိတယ်။ "ဟုတ်တယ် ကုန်သည်ကြီး၊ သင့်သက်တမ်းသည် တစ်ရက်သာ ကျန်တော့တယ်"

တစ်ရက်ပဲ ကျန်တဲ့အချိန်မှာ စဉ်းစားစရာပါ။ တကယ်လို့သာ ကိုယ့်သက်တမ်းသည် တစ်ရက်ပဲ ကျန်မယ်ဆိုရင် သားရေးသမီးရေးနဲ့ ကုသိုလ်ရေး ဘယ်အရေးကို ဦးစားပေးမလဲ။ ကုသိုလ်ရေးကို ဦးစားပေးမှာပါ။ ကုသိုလ်ရေးပဲ ဦးစားပေးရမှာပါ။ မနက်ဖြန် ကိုယ်သေတော့မယ်ဆိုရင် စီးပွားရေးနဲ့ ကုသိုလ်ရေးဆိုရင် ကုသိုလ်ရေး ဦးစားပေးပါမယ်။

တခြားတခြား အရေးတွေ ဘယ်လောက်ပဲ ကြီးတယ်ပြောပြော၊ ဘယ်လိုပင် အရေးကြီးတယ်လို့ ဆိုပေမဲ့လို့ တိုတောင်းတဲ့ကာလသာ ကိုယ့်သက်တမ်းကျန်မယ်ဆိုရင် ကုသိုလ်ရေးကိုသာ အလေး

www.dhammadownload.com



ထားပါလိမ့်မယ်။ ဒါ လူ့သဘာဝပါပဲ။ ကုသိုလ်ရေးကို နောက် ထားနေကြတယ်ဆိုတာသည် မသေသေး ဘူးလို့ ထင်နေလို့ပါ။

ငါ မသေနိုင်သေးပါဘူး။ ငါ ကျန်းမာနေသားပဲ။ ငါ ရောဂါကင်းနေသားပဲ။ ငါ့အသက်တွေ အများကြီး နေရဦးမယ်။ ငါ့အသက်တွေ ရှည်ဦးမယ်လို့ တွေးနေကြရင်ဖြင့် ကုသိုလ်ကောင်းမှုက ရှေ့တန်းမရောက် လာတော့ပါဘူး။ ဒါကြောင့် သေခြင်းတရားကို ပွား များခြင်းအားဖြင့် ကိုယ့်ရဲ့ သေခြင်းတရားကို မကြာ ခဏ ဆင်ခြင်နှလုံးသွင်းခြင်းအားဖြင့် ကုသိုလ် ကောင်းမှုကို ပြုဖို့ သတိရလာပါတယ်။

www.dhammadownload.com

# လွဲမှားနဲ့ စွဲမှား

လောကမှာ အမှားနှစ်မျိုးရှိပါတယ်။ လွဲမှားနဲ့ စွဲမှားပါ။လွဲမှားဆိုတာက လွဲနေတာကို တည့်မတ်အောင် ညွှန်ပြပေးနိုင်တဲ့ပုဂ္ဂိုလ်(ဆရာ)နဲ့တွေ့ရင် အမှန်လမ်းကြောင်းပေါ် ရောက်သွားနိုင်တယ်။ စွဲမိစွဲရာ စွဲတဲ့ ဇွတ်တရွတ်စိတ်ဓာတ် စွဲမှားသမားတွေကတော့ တစ်ခါတစ်ခါ ဘုရားရှင်တောင် ချေချွတ်လို့မရနိုင်တာ ရှိပါတယ်။ လက်ရှိကမ္ဘာမှာလည်း အစွန်းရောက်အကြမ်းဖက်သမားတွေကြောင့်လူသားတွေအားလုံး စိုးရိမ်မကင်းဖြစ်နေကြရပါတယ်။ သူတို့ရင်ထဲက အစွဲကို ဘာနဲ့မှချွတ်ဖို့ မလွယ်ကူတော့ပါဘူး။

www.dhammadownload.com



မျက်မှောက်ကာလ ဘုန်းကြီးတို့ဆီမှာလည်း အဆင့်တန်းမြင့်တဲ့ ထေရဝါဒ ဗုဒ္ဓသာသနာနဲ့ ဆုံခွင့်ရနေပေမဲ့ လွဲမှားစွဲမှားတွေကြောင့် လူစင်စစ်ကနေ အသည်းသတ်ဖြစ်နေရတဲ့သူတွေ ဒုနဲ့ဒေးပါ။ သူတို့မှာ အသိစိတ်ရှိပေမဲ့ စားမယ်၊ အိပ်မယ်၊ ပျော်မယ်၊ ထင်ရာလုပ်မယ်လို့ အမှောင်စိတ်တွေ စိုးမိုးပိတ်ဆီးထားမယ်ဆိုရင် ဘာကိုမှ မြင်မှာမဟုတ်ပါဘူး။ တန်ဖိုးရှိတဲ့ဘဝကို တန်ဖိုးထားရမှန်းမသိဘဲ ဘဝပြုန်းသွားကြမယ်ဆိုရင်တော့ တန်ဖိုးတစ်ခုဟာ အချည်းနှီး ဆုံးရှုံးသွားနိုင်ပါတယ်။

တရားကျင့်တယ်ဆိုတာ အသိစိတ်မရှိဘဲနဲ့ ကျင့်လို့မရပါဘူး။ တရားကျင့်တဲ့အလုပ်က စိတ်အလုပ်ပါ။ စိတ်က ဦးဆောင်ပြီး ရှုမှတ်ရတာပါ။ စိတ်အလုပ်ကို လုပ်တဲ့နေရာမှာ စိတ်ချို့တဲ့ နေပါတယ်။ စိတ်မရှိပါဘူးဆိုမှတော့ ကျင့်လို့မရတော့ပါဘူး။

မြတ်စွာဘုရားရှင်က ကမ္ဘာလောကရဲ့တည်နေပုံ အနေအထားနဲ့ သက်ရှိသက်မဲ့ သတ္တဝါတွေရဲ့ အခြေအနေကို ကြည့်ပြီးမှ လူ့ဘဝရဲ့ အခွင့်အရေးကောင်းကို ဟောပြတော်မူခဲ့တာပါ။

www.dhammadownload.com

# ဆရာသမားက မဆုံးမဘူးလား

အဆုံးအမကောင်းရတဲ့သူသည် လိမ္မာယဉ်ကျေးတယ်။ အဆုံးအမကောင်းမရတဲ့သူက ကြမ်းတမ်းရိုင်းစိုင်းပါတယ်။

လူ့လောကမှာ ထားပါ။ ရဟန်းသံဃာလောကမှာ သိပ်ကို ဂရုစိုက်ရပါတယ်။ ကိုယ် သွားတာလာတာ၊ နေတာ၊ ထိုင်တာ ပုံမကျရင် ဘယ်သူ့ဆီ ရောက်သွားလဲဆိုတော့ ကိုယ့်ရဲ့ ဆရာသမားဆီကို ရောက်သွားတယ်။ သူ့ဆရာက သူ့ကို မဆုံးမဘူးလား။ သူ့ဆရာသမား သူ့ကို မဆုံးမဘူးလား ဆိုပြီးတော့ ကိုယ့်အပြစ်သည် ဘယ်သူ့ဆီရောက်သွားလဲ။ ဆရာသမားဆီ ရောက်သွားတယ်။

www.dhammadownload.com



ကိုယ်ပြောလိုက်တဲ့ စကားတစ်ခွန်းကြောင့် ကိုယ့်ဆရာသမား သိက္ခာကျတယ်။ ကိုယ်ပြုမူလိုက်တဲ့ အပြုအမူကြောင့် ကိုယ့်ရဲ့လက်ဦးဆရာမှာ သွားပြီးတော့ ထိခိုက်တယ်။ နစ်နာပါတယ်။ သတိ သိပ် ထားရတယ်။

တချို့ရဟန်းငယ်တွေ ကိုယ်တော်ငယ်တွေ နေချင်သလို နေပြီး စည်းကမ်းတွေ ဖောက်ဖျက်နေတာတွေ၊ အနေအထိုင် အသွားအလာ မယဉ်ကျေးတာတွေ မြင်ရင် ဘေးက ဆရာတော်ကြီးတွေက သူ့ကို အကဲခတ်ပြီးတော့ ပြောတတ်ကြပါတယ်။ ဩော် - ငယ်ငယ်ကဆရာကောင်းသမားကောင်းထံက အဆုံးအမကောင်း မရခဲ့ဘူးထင်ပါရဲ့လို့ ပြောတတ်ကြပါတယ်။

အဆုံးအမ ဩဝါဒရတဲ့သူနဲ့ မရတဲ့သူ မတူပါဘူး။ လိုက်နာတဲ့သူနဲ့ မလိုက်နာတဲ့သူ မတူပါဘူး။ ဒါကြောင့် အဆုံးအမဩဝါဒကို တန်ဖိုးထားရမယ်။ လေးစားရမယ်။ မြတ်နိုးရပါမယ်။ ဆုံးမဩဝါဒကို မလိုက်နာရင်လည်း နောင်အခါမှာ နောင်တရမယ်။ အဆုံးအမကောင်း ဩဝါဒကောင်းတွေကို ရမယ်ဆိုရင် နောင်အခါမှာ ကြီးပွားချမ်းသာ တိုးတက်ပါ

www.dhammadownload.com



လိမ့်မယ်။ ဆုံးမလွယ်သူဖြစ်ရင် သိပ်ကို ကောင်းပါတယ်။

အဆုံးအမ လွယ်တဲ့သူနဲ့ အဆုံးအမ ခက်တဲ့သူလို့ ဒီလောကမှာ နှစ်မျိုးပဲ ရှိတယ်။ ဘယ်သူကမှ မွေးကတည်းက တစ်ခါတည်း မတတ်လာခဲ့ဘူး။ မသိလာခဲ့ဘူး။ နားမလည်ခဲ့ဘူး။ ဘယ်သူတွေက တတ်မြန်၊ သိမြန် နားလည်မြန်သလဲဆိုရင် အဆုံးအမလွယ်သူကတတ်သိနားလည်တယ်။အဆုံးအမ ခက်တဲ့သူက သိမှု၊တတ်မှု၊နားလည်မှုမှာ နောက်ကျမှာပါပဲ။

www.dhammadownload.com

# အဆူဆူသော မြတ်ဘုရားတို့ရဲ့ အဆုံးအမ

အဆူဆူသော မြတ်စွာဘုရားရှင်တို့ အမိက ထား ဆုံးမသွားတဲ့ အဆုံးအမက

၁။ အကုသိုလ်မှန်သမျှကို မပြုနဲ့၊ မလုပ်နဲ့၊ မကောင်းတာတွေ မလုပ်ကြနဲ့။

၂။ ကုသိုလ်ကောင်းမှုမှန်သမျှကို ပြည့်စုံအောင် ပြုကြ၊ ကျင့်ကြ၊ လုပ်ကြပါ။

၃။ စိတ်ကို ဖြူစင်ပါစေ၊ လောဘ ဒေါသ မောဟ တွေနဲ့ ညစ်နွမ်းနေတဲ့ စိတ်ကို ဖြူစင်အောင် လုပ်ပါတဲ့။

အချက်သုံးချက်ပါ။ မကောင်းတာတွေ မပြု မလုပ်နဲ့။ ကောင်းတာတွေ ပြုလုပ်ပါ။ စိတ်ကိုလည်း

www.dhammadownload.com



ဖြူစင်အောင် ထားပါတဲ့။ မမှန်တာတွေ မဟုတ်တာတွေ မလုပ်ကြပါနဲ့။ မှန်တာဟုတ်တာ ကောင်းတာတွေ လုပ်ကိုလုပ်ရပါမယ်။ ကိုယ့်စိတ်ရင်း စေတနာရင်းကိုလည်း ဖြူစင်အောင် ထားနိုင်ရမယ်လို့ ဂဂ်ဝါဠု သဲစုမက ပွင့်သွားကြတဲ့ အဆူဆူသော ဘုရားရှင်တို့ ဆုံးမခဲ့ပါတယ်။ အဲဒီအဆုံးအမတွေကို လိုက်နာကျင့်သုံးမယ်၊လက်ခံနာယူမယ်ဆိုရင်ဆုံးမလွယ်တဲ့သူပါ။ မလိုက်နာ မကျင့်သုံး ဘဲနဲ့ ဆန့်ကျင်နေရင် ဆုံးမခက်တဲ့သူပါ။

ကိုယ့်တပည့်တွေ ကိုယ်ဆုံးမလိုက်လို့ တစ်ခါတည်း ပြောဆိုလိုက်ရုံနဲ့ နားလည်သွားတယ်။ ပြုပြင်သွားတယ်ဆိုရင် ဆရာလည်း စိတ်ချမ်းသာ၊ တပည့်လည်း စိတ်ချမ်းသာရပါတယ်။ ကိုယ့်ဆရာက ကိုယ့်ကို ဆုံးမလို့ တပည့်တွေက နားမထောင်ဘူး။ လုပ်ချင်ရာ လုပ်၊ နေချင်ရာနေ ဘယ်လိုမှ မပြုပြင်ဘူးဆိုရင် ဆရာလည်း စိတ်မချမ်းသာ၊ တပည့်လည်း စိတ်မချမ်း သာပါဘူး။

အဆုံးအမကို မလိုက်နာရင် ဆုံးမတဲ့သူလည်း ဆင်းရဲတယ်။ အဆုံးအမ ခံရတဲ့သူလည်းပဲ ဆင်းရဲတယ်။ ကိုယ်လည်းဆင်းရဲ၊ စိတ်လည်းဆင်းရဲပါတယ်။

www.dhammadownload.com



အဆုံးအမကို တန်ဖိုးရှိရှိနဲ့ တလေးတစား ခံယူရင်ဆုံးမသူလည်းစိတ်ချမ်းသာတယ်။ခံယူရတဲ့ သူလည်း စိတ်ချမ်းသာပါတယ်။ ကိုယ်လည်းချမ်း သာစိတ်လည်းချမ်းသာရပါတယ်။ကိုယ့်ကိုယ်ကိုယ် သတိထားပြီးတော့ ဆုံးမလွယ်သူဖြစ်အောင် ကြိုး စားရပါမယ်။

ဒီအဆုံးအမကို လိုက်နာကျင့်သုံး ကျင့်ကြံနိုင် ကြသဖြင့် ကောင်းကျိုးချမ်းသာအဖြာဖြာ ရရှိနိုင်ကြ ပါစေ။ လက်ရှိကာလ မျက်မှောက်ဘဝမှာလည်းပဲ ကောင်းကျိုးချမ်းသာရပါစေ။ နောက်နောင်ဘဝ သံသရာမှာလည်း ကောင်းကျိုးချမ်းသာ အဖြာဖြာ ရရှိကြပါစေ။ မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ ရရှိကြပြီး တော့ နိဗ္ဗာန်ကိုလည်း ဝင်စံနိုင်ကြပါစေ။

www.dhammadownload.com

# ခန္ဓာကပြတဲ့တရား

အမှတ်တမဲ့မနေဘဲအရာရာကိုတရားသဘော နဲ့ ဆင်ခြင်ပြီးတော့ သုံးသပ်လိုက်ရင် ခန္ဓာထဲက ဖြစ်စဉ်တွေကလည်းပဲ တရားရစရာ ကောင်းတာ ပါပဲ။

ကြည့်တတ်မြင်တတ်တဲ့ သူကို ခန္ဓာကိုယ်ကြီး ဟာ အမြဲတမ်း တရားပြပေးနေပါတယ်။ ခန္ဓာရိပ်သာ ဟာ အမြဲတမ်းဖွင့်ထားတဲ့ တရားရိပ်သာပါ။ ဘယ်သူ မျှ မအိုချင်ကြပါဘူး။ နနပျိုပျိုလှလှပပပဲ နေချင်ကြ ပါတယ်။ တစ်သက်လုံး ငယ်မူ မပျက်အရွယ်တင်ပြီး နပျိုချင်ကြတယ်။ ဒါပေမဲ့ နေလို့ မရပါဘူး ဆိုတာကို ခန္ဓာကိုယ်ကြီးက တရားပြနေပါတယ်။

တစ်စတစ်စ တဖြည်းဖြည်းနဲ့ အိုတဲ့ဘက်ကို ရောက်လာတယ်။ မွေးဖွားတဲ့ အချိန်ကာလကစပြီး

www.dhammadownload.com



နေ့တိုင်း နေ့တိုင်း အိုတဲ့ဘက်ကိုသာ တရွေ့ရွေ့တိုး ဝင်နေတာ ကိုယ်က သတိမထားမိလို့ပါ။ ခန္ဓာကိုယ်ကြီးက အိုခြင်းတရားကို ပြနေပါတယ်။ မျက်စိတွေလည်း မှုန်ကုန်ပြီ။ နားတွေလည်း မကောင်းတော့ဘူး။ ဆံပင်တွေလည်း ဖြူလာပြီ။ သွားရလာရတာလည်း ခါတိုင်းလို မသွက်တော့ဘူး။ ခွန်အားတွေလည်း နည်းလာပြီလို့ အိုခြင်းတရားကို အနီးကပ်ပြီး ခန္ဓာက ပြနေတာပါ။

ဒါပေမဲ့မမြင်ကြဘူး။ ကိုယ့်ကိုယ်ကိုယ်အိုတယ်လို့တောင် မထင်ကြပါဘူး။ နေ့တိုင်းနေ့တိုင်း မှန်ကြည့်ပေမဲ့ ငါမအိုသေးပါဘူး အားပေးရင်း ကိုယ့်ကိုယ်ကိုယ် လိမ်နေကြပါတယ်။ ဖြီးလိမ်းပြင်ဆင်ပြီး သူများလည်းပဲ လိမ်နေကြပါတယ်။ အမျိုးမျိုး ပြုပြင်ဖြီးလိမ်း တန်ဆာဆင်ပြီး နုပျိုအောင် ကြိုးစားနေကြပါတယ်။

ဒါပေမဲ့ အိုခြင်းတရားကို အံတုနေလို့ မရပါဘူး။ ဆံပင်ဖြူတွေက ပြလာပါတယ်။ မျက်နှာပေါ်က အရေးအကြောင်းတွေက တွန့်ပြလာပါတယ်။ ဇရာတရားကို တစ်နေ့ထက်တစ်နေ့ ပိုပိုပြီးတော့ ထင်ရှားအောင် ခန္ဓာက ပြပါတယ်။ အဲဒါကို ကြည့်မြင်တတ်တဲ့သူက ငါ့မှာ အိုခြင်းတရားပဲ ရှိပါလား။ ခန္ဓာကိုယ်

www.dhammadownload.com



ကြီးဟာငါ့အလိုကိုမလိုက်ပါလား။ ငါဟာမအိုချင်ဘဲ အိုရတာပါလားလို့ သိလာပါတယ်။

ကြည့်မြင်တတ်သူအတွက် ခန္ဓာကိုယ်ကြီးဟာ နာခြင်းတရားတွေ ရှိနေတယ်လို့ ပြနေပါတယ်။ မနာချင်ဘဲနဲ့ နာကြရတယ်။ အနာရောဂါပေါင်းစုံ ခန္ဓာထဲက ထွက်ပေါ်လာတယ်။ အနာရောဂါကင်းကင်းနှင့်ကျန်းကျန်းမာမာနေချင်ကြပေမဲ့နေလို့မရပါဘူး။ မနာချင်ပါဘူး။ အနာရောဂါတွေကို မလိုချင်ပါဘူး။ ကြောက်ပါတယ်ပြောနေရင်းပဲ ခန္ဓာကိုယ်ထဲက ဒီအနာရောဂါတွေ တစ်မျိုးပြီးတစ်မျိုး ပေါ်ပေါက်လာပါတယ်။

တရားရအောင် တခြားသွားကြည့်စရာ မလိုပါဘူး။ ပတ်ဝန်းကျင်မှာတောင်တရားလိုက်ရှာနေစရာ မလိုပါဘူး။ ကိုယ့်ကိုယ်ကိုယ်ပဲ ပြန်ကြည့်လိုက်ရင်တောင် တရားရစရာကောင်းပါတယ်။ ဘာတစ်ခုမျှမကောင်းပါလား။ တစ်မျိုးပြီးတစ်မျိုး နှိပ်စက်နေတဲ့ ခန္ဓာကိုယ်ကြီးပါလား။ ကိုယ်အင်္ဂါအစိတ်အပိုင်းရှိသမျှ အနာရောဂါက ဝင်ရောက်လာပါလား။ အနာရောဂါတွေဟာ တခြားက လာတာမဟုတ်၊ ခန္ဓာကဖြစ်လာတာပါလား” လို့ သိမြင်ရပါမယ်။

www.dhammadownload.com

# အိုနာသေ မကင်းတဲ့ဘဝ

"ဥပနိယျတိ လောကော အဒ္ဓုဝေါ"

လောကော - လောကထဲမှာ ရှိနေတဲ့ လူ အပေါင်းကို၊ ဥပနိယျတိ - ဇရာ ဗျာဓိက မရဏာဆီကို ပို့ဆောင်၏။ အဒ္ဓုဝေါ - ဘယ်သူတစ်ဦးတစ်ယောက် ရဲ့ခန္ဓာမှ မြဲတယ်၊ ခိုင်တယ်၊ တည်တယ်ဆိုတာ မရှိပါ ဘူးလို့ မြတ်စွာဘုရားဟောကြားတာပါ။ လောကထဲ မှာ ရှိနေတဲ့ လူအားလုံးကို ရည်ညွှန်းတာပါ။ လူတိုင်း လူတိုင်းကို ရည်ရွယ်ပြီး ပြောတဲ့ စကားပါ။

သူသူငါငါ လူ့ဘဝကို ပိုင်ဆိုင်ထားကြတဲ့ လူ အပေါင်းကို ဇရာ ဗျာဓိက မရဏာဆီသို့ ပို့နေတယ်။ အိုခြင်း ဇရာတရား၊ နာခြင်း ဗျာဓိ တရားက သေခြင်း မရဏာဆီသို့ ပို့နေတယ်။ ဘယ်သူဘယ်ဝါရဲ့ ခန္ဓာ၊

www.dhammadownload.com



ဘယ်သူဘယ်ဝါဖြစ်ဖြစ် တစ်ဦးတစ်ယောက်မှ မြဲနိုင်တည်တယ် ဆိုတာ မရှိနိုင်ဘူးတဲ့။

ဘုန်းကြီးတို့ ရထားတဲ့ ခန္ဓာကိုယ်ကို မြတ်စွာဘုရားရှင်က သုံးသပ်ပြတဲ့ စကားတော်ပါ။ စစ်တမ်းထုတ်ပြတဲ့ စကားတော်ပါ။ ဒါကိုသေသေချာချာ စဉ်းစားကြရပါမယ်။ ဘုန်းကြီးတို့ပရိသတ် မှတ်ရလွယ်သွားအောင် လင်္ကာလေးနဲ့ မှတ်ထားလိုက်ပါ။

အို၊ နာ၊ သေတို့ ဆောင်ယူလို့၊ ငါတို့ မမြဲပါတကား။

ဘုန်းကြီးတို့ လူသားတွေကို မရဏာဆီသို့ ပို့နေတယ်။ သေခြင်းတရားဆီကိုပို့နေတယ်။ ဘယ်သူက ပို့နေတာလဲလို့ ပြန်ကြည့်လိုက်တော့ ဇရာနဲ့ ဗျာဓိက ပို့နေတာပါ။ ဇရာဆိုတာသည် အိုခြင်းတရား၊ ဗျာဓိဆိုတာသည် နာခြင်းတရားပါ။ အဲဒီတော့ လူတိုင်းလူတိုင်းကို သေခြင်းတရားဆီ ဘယ်သူပို့နေတာလဲ။ ဘယ်သူက သေခိုင်းနေတာလဲ။ ဘဝတစ်ခု ရထားတဲ့သူ မှန်သမျှ ဒီဘဝ ကိုယ်ရထားတဲ့ဘဝကို မြတ်နိုးတွယ်တာ ခင်မင်တယ်။ ဘယ်သူမှ မသေချင်ပါဘူး။ သေခြင်းတရားဆီကို မသွားချင်ကြပါဘူး။

www.dhammadownload.com



မသွားချင်ဘဲ သွားနေရတယ်။ မရောက်ချင်ဘဲ ရောက်နေရတယ်။ သေခြင်းတရားဆီကို ပို့ဆောင်နေတဲ့ လက်သည်တရားခံ နှစ်ယောက်ကို မြတ်စွာဘုရားက အတိအကျ ညွှန်ပြပါတယ်။ ဇရာနဲ့ ဗျာဓိဆိုတဲ့ အိုခြင်းနဲ့ နာခြင်းပါလို့ ညွှန်ပြတော်မူပါတယ်။

www.dhammadownload.com

# မကြားချင်ဆုံး စကားလုံးများ

ရဋ္ဌပါလအမျိုးကောင်းသားဟာ သိပ်ချမ်းသာပါတယ်။ ကုဋေပေါင်းများစွာ ချမ်းသာပါတယ်။ တစ်ဦးတည်းသော သားမို့ မိဘတွေ ဆွေမျိုးသားချင်းတွေက အကုန်လုံး အလိုလိုက်ထားကြပါတယ်။ ဖြစ်ချင်တာ အကုန်ဖြစ်၊ လုပ်ချင်တာ အကုန်လုပ်လို့ ရပါတယ်။ လောကမှာ မျက်နှာမငယ်စေရပါဘူး။ အဲဒီလို အဆင်ပြေပြေနေရတဲ့ အခြေအနေမှာ သာမန် လူတစ်ယောက်ရဲ့ အသိအမြင်၊ လူတိုင်းရဲ့ အသိအမြင်ထဲမှာ အိုခြင်းတရား၊ နာခြင်းတရား၊ သေခြင်းတရားတွေကို အမြဲတမ်း မေ့ထားချင်ကြပါတယ်။ အို ... ဆိုတဲ့ စကား၊ နာ... ဆိုတဲ့စကား မကြားချင်ကြပါဘူး။ သေ... ဆိုတဲ့ စကားကိုဆို ပိုလို့တောင် မကြားချင်ကြပါဘူး။

www.dhammadownload.com



ကိုယ်ကိုယ်တိုင်ရဲ့ အိုခြင်း၊ နာခြင်း၊ သေခြင်း တရား၊ ကိုယ်ချစ်ခင်နှစ်သက်တဲ့ သူတွေရဲ့ အို၊ နာ၊ သေတရားတွေရဲ့အကြောင်းကိုတော့မကြားချင်ကြ၊ နှလုံးမသွင်းချင်ကြပါဘူး။

ကိုယ်နဲ့ တိုက်ရိုက်မပတ်သက်တဲ့ အို၊ နာ၊ သေ တရားရဲ့ အကြောင်းဆိုရင်တော့ ကြားလည်း ကြောက်ရမှန်း မသိပါဘူး။ သံဝေဂ ရရကောင်းမှန်း မသိကြပါဘူး။ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားဟာ ကိုယ်နဲ့ မသက်ဆိုင်သလိုလို၊ သူများ တွေနဲ့သာ သက်ဆိုင်သလိုလို နှလုံးသွင်းပြီး မေ့လျော့နေကြပါ တယ်။

ဒီတရားတွေဟာ ကိုယ်မကြားချင်ပေမဲ့ ကြား နေရပါလိမ့်မယ်။ မေ့ထားချင်ပေမဲ့ မေ့ထားလို့ မရပါ ဘူး။ ဒီအရှိတရားတွေဟာ ကြုံကို ကြုံကြ၊ တွေ့ကို တွေ့ကြရမှာပါ။ လောကမှာ နေသူမှန်သမျှ မအိုတဲ့ လူလည်း မရှိ၊ မနာတဲ့ လူလည်း မရှိ၊ မသေတဲ့လူ လည်း မရှိဘူးဆိုတာ အားလုံးအသိပါ။

တကယ်အရှိတရားကို မြတ်စွာဘုရားသည် အသိတရားနဲ့ ကြည့်ခိုင်းတာပါ။ အို၊ နာ၊ သေ တရား ဆိုတာ မကင်းနိုင်တဲ့ တရားပါ။ လူတိုင်း မြင်တွေ့နေ

www.dhammadownload.com



တဲ့ တရားပါ။ မြင်တော့ မြင်တယ်။ ကိုယ့်အသိထဲကို မရောက်ကြပါဘူး။ ကိုယ့်အသိထဲကိုသာ "အိုခြင်း၊ နာခြင်း၊သေခြင်းတရားဆိုတာတကယ်ရှိပါသလား" ဆိုတဲ့ အသိဉာဏ်လေး ဝင်သွားရင် သိပ်ကောင်း သွားပါတယ်။ "ဘာတစ်ခုမျှမမြဲပါလား" ဆိုတဲ့ အသိ လေးဝင်သွားရင် သာမန်အသိကနေ အသိအမြင် တွေ ပြောင်းသွားပါတယ်။

www.dhammadownload.com

# အချင်းချင်း မကယ်တင်နိုင်

ဘုန်းကြီးတို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတဲ့ သုတ္တန်တစ်ခု လှမ်းအာရုံပြုကြည့်တယ်။ အမာတာ ပုတ္တိကဘေးကြီး ကြုံလာရင် မိဘကလည်း သားသမီးကို မကယ်နိုင်၊ မစောင့်ရှောက်နိုင်ပါဘူး။ သားသမီးကလည်း မိဘကို မစောင့်ရှောက်နိုင်၊ မကယ်တင်နိုင်ပါဘူး။ ဘယ်သူကမှ ဘယ်သူ့ကို မကူညီ၊ မစောင့်ရှောက် နိုင်တဲ့ အိုဘေး၊ နာဘေး၊ သေဘေးဆိုတဲ့ ဘေးရန်အန္တရာယ်တွေရှိတယ်လို့ မြတ်စွာဘုရားဟောကြားပါတယ်။

လောကထုံးတမ်းစဉ်လာအရ ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်ကြည့်ရင် မိဘဟာ သားသမီးတို့ရဲ့ အားကိုးရာပါ။ အစစအရာရာ စားရေး

www.dhammadownload.com



ဝတ်ရေး နေရေး ပညာသင်ရေးကအစ လူမှုရေး အဆုံး သားသမီးတို့ဟာ မိဘကို အားကိုးကြပါတယ်။ ဒီသားသမီးတွေကို ကျွေးမွေးစောင့်ရှောက် ပညာတွေ သင်ပေးပြီးလို့ အရွယ်ရောက်တဲ့ချိန်ခါမှာ မိဘတွေက အိုမင်းမစွမ်း ဖြစ်လာကြပြီဆိုရင် သားသမီးတွေကို ပြန်အားကိုးပါတယ်။ ကိုယ့်မှာ သားတွေ သမီးတွေ ရှိတယ်ဆိုရင် ဘုန်းကြီးတို့ ပရိသတ်အားရှိနေတာပါ။

သားသမီးကလည်း မိဘအားကိုးတယ်။ မိဘကလည်းသားသမီးကိုအားကိုးတယ်။မိဘကလည်း သားသမီးကို စောင့်ရှောက်ပေးတယ်။ သားသမီးကလည်း မိဘကို စောင့်ရှောက်ပေးတယ်လို့ပဲ မြင်နေကြပါတယ်။ သဘောပေါက်နေကြပါတယ်။ ဒါဟာ လောကအမြင် သာမန်အမြင်ပါ။

ဘုရားရှင်ရဲ့ အမြင်နဲ့ ကြည့်မယ်ဆိုရင် မိဘကလည်း သားသမီးကို မကယ်နိုင်၊ သားသမီးကလည်း မိဘကိုမကယ်နိုင်ပါဘူး။မိဘကလည်းသားသမီးကို မစောင့်ရှောက်နိုင်၊ သားသမီးကလည်း မိဘကို မစောင့်ရှောက်နိုင်ပါဘူး။ တကယ်တမ်း ဘယ်သူက မှ ဘယ်သူ့ကို မကယ်နိုင်၊ မစောင့်ရှောက်နိုင်ကြပါ

www.dhammadownload.com



ဘူး။ အိုဘေး၊ နာဘေး၊ သေဘေးကြုံလာတဲ့ အချိန်တွေမှာ ခွဲဝေမျှယူပေးလို့ မရပါဘူး။ တားဆီးကာကွယ်ပေးနိုင်စွမ်း ဘယ်သူ့မှာမှ မရှိပါဘူး။

www.dhammadownload.com

# နက်ဖြန်ဆိုတာ မသေချာ

လူတစ်ယောက်အတွက်နက်ဖြန်ဆိုတာမသေချာပါဘူး။ မြတ်စွာဘုရားမိန့်ကြားခဲ့တဲ့ "အဇ္ဇေဝ ကိစ္စံ ကာတဗ္ဗံ" ဆိုတဲ့ စကားရှိပါတယ်။

အဇ္ဇေဝ ကိစ္စံ ကာတဗ္ဗံ၊ ကော ဇညာ မရဏံ သုဝေ။

နဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာလို့

ဟောတော်မူခဲ့တာပါ။

အဇ္ဇေဝ ကိစ္စံ ကာတဗ္ဗံ။ အဇ္ဇေဝ – အခါမရွေ့ ဤယနေ့ကပင်လျှင်၊ ကိစ္စံ – ပြုသင့်ပြုထိုက်တဲ့ အမှုကိစ္စမှန်သမျှကို၊ ကာတဗ္ဗံ – မုချပုံသေ ပြုအပ်ပါပေ၏။

www.dhammadownload.com



အဲဒီစကားလေးကို အကျယ်ချဲ့ပြီးပြောပြချင်လို့ပါ။ "အဇ္ဇေဝ - အခါမရွေ့ ဤယနေ့ကပင်လျှင်၊ ကိစ္စံ - ပြုသင့်ပြုထိုက်တဲ့ အရေးကြီးတဲ့ကိစ္စ မှန်သမျှကို၊ အာတပ္ပံ - မုချပုံသေ ပြုအပ်ပါပေ၏။ ဆိုတာက "ပြုသင့်ပြုထိုက်တဲ့ ကိစ္စမှန်သမျှကို အချိန်အခါမရွေ့နဲ့" လို့ ပြောကြားတဲ့စကားပါပဲ။

အရေးကြီးတဲ့ကိစ္စ၊ အရေးကြီးတဲ့အကြောင်းအရာတစ်ခုခုကို လုပ်ကိုင်ဆောင်ရွက်တော့မယ်ဆိုရင် ချက်ချင်းလုပ်လို့ ပြောတဲ့အဓိပ္ပာယ်ပါ။ ဒီကိစ္စကို မဖြစ်မနေလုပ်ရမယ်၊ လုပ်ကိုလုပ်ရမယ်ဆိုတဲ့အလုပ်မျိုးကို အချိန်မဆွဲရပါဘူး။ ချက်ချင်းလုပ်ရမှာပါ။ ချက်ချင်းလုပ်ပါတဲ့။

တစ်ခါတစ်ရံမှာ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တွေကို "နောင်မှလုပ်မယ်၊ နောက်မှလုပ်မယ်၊ နောက်တစ်နေ့လုပ်မယ်၊ နက်ဖြန်မှလုပ်မယ်၊ သန်ဘက်ခါမှ လုပ်မယ်" လို့ အချိန်ဆွဲရင်းဆွဲရင်းနဲ့ အချိန်မရလိုက်တာမျိုး၊ မလုပ်ဖြစ်လိုက်တာမျိုး ကြုံရတတ်ပါတယ်။ အဲဒီအတွက်ကို ဘုရားရှင်က သတိပေးပါတယ်။

www.dhammadownload.com



"အခါမရွေး ဤယနေ့ကပင်လျှင်၊ ပြုသင့်ပြု ထိုက်တဲ့ အရေးကြီးတဲ့ ကိစ္စမှန်သမျှကို၊ မုချပုံသေ ပြုအပ်ပါပေ၏" လို့ ပြောရတာ အကြောင်းရှိပါတယ်။

တစ်ဆက်ထဲမှာပဲ မြတ်စွာဘုရားရှင်က အကြောင်းပြတဲ့စကား မိန့်ကြားပါတယ်။

နဟိနော သင်္ကရံ တေန၊ မဟာသေနေန မစ္စုနာ။

"သေမင်းနဲ့ချိန်းထားတာမရှိလို့ပါ" တဲ့။ သေမင်း နဲ့ ဘယ်သူမှ အချိန်းအချက် မလုပ်နိုင်ကြပါဘူး။ ဘယ်နေ့ငါလာမယ်၊ ဘယ်နေ့မှခေါ်ပါ၊ ဘယ်အချိန်မှ ခေါ်ပါဆိုပြီးတော့ ချိန်းထားတာ မရှိပါဘူး။

တကယ်လို့သာ သေမင်းက ရုတ်တရက် ချက် ချင်း အချိန်မရွေး ရောက်လာမယ်ဆိုရင် ကိုယ့်မှာ အဆင်သင့်မဖြစ်မှာစိုးလို့ သတိပေးတဲ့ စကားတော် ပါ။

www.dhammadownload.com

# သေမည့်ရက် မသိနိုင်

ဘယ်နေ့ဘယ်ရက်မှာ ကိုယ်သေမယ်ဆိုတာကို ဘယ်သူမျှ မသိနိုင်ပါဘူး။

သာမန်လူတွေ ဘယ်လိုမှ မသိနိုင်ပါဘူး။ မြတ်စွာဘုရားတော့ သိတယ်ပေါ့။ ရဟန္တာအရှင်မြတ်တွေ သိတယ်။ သူလိုကိုယ်လို ပုဂ္ဂိုလ်တွေ ဘယ်နေ့ ဘယ်ရက်မှာ သေမယ်ဆိုတာ မသိနိုင်ပါဘူး။ ဆိုလိုတာက ကိုယ့်သက်တမ်းဘယ်လောက်ကျန်သေးတယ်။ ဟောဒီလူ့လောကမှာ ဘယ်နရက်နေရဦးမယ်။ ဘယ်နလနေရဦးမယ်။ ဘယ်နနှစ်နေရဦးမယ်လို့ မသိ နိုင်ပါဘူး။

သိတယ်ဆိုရင်တော့ အကောင်းသားပါ။ ငါဒီလူ့လောကမှာ ဘယ်နနှစ် နေရဦးမယ်။ ငါ့အသက်

www.dhammadownload.com



ဘယ်လောက်အချိန်ကျန် သေးတယ်။ သေသေချာ ချာသိရင် အချိန်မီ ကုသိုလ်ကောင်းမှုကို ပြုခွင့်ရ တယ်။ ပြုနိုင်ပါတယ်။ များသောအားဖြင့် မသိကြတဲ့ အတွက်ကြောင့် မသေသေးဘူးလို့ ထင်ရင်း ထင် ရင်းနဲ့ပဲ သေကြရတယ်။ သေသွားတဲ့သူတွေ သူ့ ကိုယ်သူတော့ဖြင့် သေဦးမယ်လို့ မထင်သေးပါဘူး။ တချို့ဆေးရုံပေါ်မှာ သေကောင်ပေါင်းလဲ ဖြစ်နေ တယ်။ ရောဂါဝေဒနာတွေ အကြီးအကျယ် ခံစားနေ ကြရတယ်။ ဘေးက သူတွေက အကုန်သိတယ်၊ သူ မကြာတော့ဘူး။ အလွန်ဆုံးခံလှ ရက်ပိုင်း၊ လပိုင်း ဆိုတာ ဘေးက သိတယ်။ ကာယကံရှင်က မသိပါ ဘူး။ သူ့ကိုယ်သူလည်း သေမယ်မထင်သေးဘူး။

တစ်ခါတလေကျရင် သနားစရာကောင်းတဲ့ လူနာတွေ တွေ့ရပါတယ်။ ကိုယ့်သက်တမ်း ဘာမျှ မကျန်တော့ဘူး။ ကျွမ်းကျင်တဲ့ ဆရာဝန်တွေ၊ သမား တော်တွေက သိနေတယ်။ လူနာစောင့်တဲ့သူတွေက သိနေပြီ။ ကာယကံရှင်က မသိရှာတဲ့အတွက် ကြောင့်မို့ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆပါ။ ဘာ ကုသိုလ်မျှလည်း သတိမရ၊ ဘာကုသိုလ်မျှလည်း မပြု၊ ဘေးကလည်း သူ့ကို သတိမပေးရဲဘူး။

www.dhammadownload.com



တကယ်လို့သာ သတိပေးလိုက်ရင် ကြောက်လန့်ပြီး တော့ ပိုဆိုးသွားမှာစိုးလို့ အသိမပေးရဲကြဘူး။

အဲဒီလိုဆိုရင် ကုသိုလ်ကောင်းမှုကို ပြုဖို့ အချိန် မရတော့ပါဘူး။ နေကောင်းစဉ်ကာလတုန်းက လည်း ကုသိုလ်ကောင်းမှု မပြုနိုင်ဘူး။ နေထိုင် မကောင်းဖြစ်တဲ့အချိန်ကာလမှာလည်း မေ့မေ့ လျော့လျော့ ပေါ့ပေါ့ဆဆနဲ့ နေမယ်။ "ငါ မသေ သေးဘူး။ ငါမသေသေးဘူး" လို့ တွေးကာ တွေးကာ နဲ့ သေသွားကြတယ်။ ဒါကြောင့် ခေါင်းထဲ အမြဲထည့် ထားပါ။ ကိုယ်သေမယ့်ရက်ကို ကိုယ်မသိနိုင်ပါဘူး။

www.dhammadownload.com

# အိုနာသေတွေ ကြုံလာချိန်မှာ

အိုလာတဲ့ချိန်ခါမှာ မိဘတွေကလည်း ကိုယ့်သားသမီးတွေ အသက်မကြီးပါစေနဲ့၊ မအိုပါစေနဲ့လို့ ပြောပေးလို့ မရပါဘူး။ သားသမီးတွေကလည်း ကိုယ့်မိဘတွေ အသက်ကြီးတဲ့အခါ အမေတို့ အဖေတို့ကို ချစ်လွန်းလို့ အမေတွေ အဖေတွေ မအိုပါစေနဲ့ လို့ အိုဘေးက လွတ်အောင် မစွမ်းဆောင်နိုင်ပါဘူး။

နာဘေးကြုံလာတဲ့အချိန်မှာ တစ်ခါတလေ ဘုန်းကြီးတို့ မိဘတွေရဲ့အသံ ကြားရတယ်။ သားသမီးတွေများရောဂါခံစားနေရပြီ၊ ဒုက္ခတစ်စုံတစ်ရာ ရောက်နေပြီဆိုရင် "ဒီဒုက္ခတွေကို ငါ့သားတွေ သမီးတွေ မခံစားရပါစေနဲ့၊ ငါပဲ ခံစားလိုက်ချင်တယ်၊ ငါပဲ ယူလိုက်ချင်တယ်၊ ဒီအနာငါ့ါသာ ဖြစ်လိုက်ပါတော့"

www.dhammadownload.com



လို့ တောင်းဆိုပေမဲ့ မရနိုင်ပါဘူး။ ဘာနဲ့မှ လဲယူလို့ မရနိုင်ပါဘူး။ သားသမီးတွေလည်း ကိုယ့်မိဘတွေ ရောဂါဝေဒနာနှိပ်စက်လို့ ဒုက္ခရောက်နေတာမြင်ရင် မကြည့်ရက်ဘူး၊ သနားတယ်။ "အဖေ အမေတွေ ဒီလို ဒုက္ခမရောက်ပါစေနဲ့၊ ဒီနာခြင်းတွေ ငါသာ ခံလိုက်ချင်တယ်၊ ငါသာ ယူလိုက်ချင်တယ်၊ ဒီအနာ ရောဂါတွေ ငါ့မှာသာ ဖြစ်ပါစေ" လို့ ဘယ်လိုပင် တောင့်တပေမဲ့ လွှဲယူလို့ မရနိုင်ပါဘူး။ မနာအောင် ဘယ်လိုမှ ကူညီဖေးမလို့ မရနိုင်ပါဘူး။

ဒါထက်ပိုဆိုးတာက သေမင်းကို ရင်ဆိုင်နေရ တဲ့ အချိန်မျိုးမှာပါ။ မိဘကလည်း သားသမီးကို မသေရအောင်၊ သားသမီးကလည်း မိဘကို မသေရ အောင် မစောင့်ရှောက်နိုင်ပါဘူး။ ဒီတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့စကားတော် ဘုန်းကြီးတို့ ပရိသတ် မမှန်ဘူးလား။ ကိုးကွယ်စရာ အားထား စရာလည်း ဘာမှမရှိကြဘူးနော်။ တချို့က သားသမီး အားကိုးတယ်။ တချို့က ပစ္စည်းအားကိုးတယ်။ တချို့ က ကိုယ့်လက်ကိုယ့်ခြေ ကိုယ့်အားကိုယ်ကိုးတယ်။ တချို့က ကိုယ့်ပညာကို အားကိုးတယ်။

www.dhammadownload.com

# အားကိုးရာ ရှာကြသော်လည်း

ဘဝရပ်တည်ရေးအတွက် လူတိုင်း လူတိုင်းဟာ အားကိုးအားထားတွေ အမျိုးမျိုး ရှာကြပါတယ်။ ဘဝအဆင်ပြေရေးအတွက် "ဘာရှိရင်တော့ ကောင်းမှာပဲ၊ ဘာတွေရထားရင်တော့ဖြင့် ပြည့်စုံမှာပဲ" လို့ အားကိုးတွေ ရှာလာကြတာ ငယ်ငယ်လေးထဲကနေပြီးတော့ အခုအချိန်အထိပေါ့။ ဘာတွေများ အားကိုးလို့ရမလဲဆိုပြီး သက်ရှိသက်မဲ့ အားကိုးစရာတွေဖန်တီးကြရယူကြပိုင်ဆိုင်အောင်အားထုတ်ကြပေမဲ့ တကယ်တမ်းကြည့်လိုက်မယ်ဆိုရင်ဖြင့် အားကိုးနိုင်လောက်တာ ဘာမှမရှိပါဘူး။ အိုနာသေတရားတွေ တွေ့ကြုံလာချိန်မှာ အားကိုးရာ မရှိပါဘူးလို့ ဘုန်းကြီးတို့ ပရိသတ်မြင်ထားရမယ်။ သဘောပေါက်ထားရပါမယ်။

www.dhammadownload.com



ငါ့ဘဝထဲမှာ ဘာတွေတော့ ရှိနေပြီ၊ ဘာတွေတော့ ပြည့်စုံနေပြီ၊ ငါဘယ်လောက်ချမ်းသာနေပြီ၊ ငါဘယ်လောက် ပြည့်စုံနေပြီဆိုပြီးတော့ ဘုန်းကြီးတို့ ပရိသတ်သွားပြီးတော့ မကြည့်ပါနဲ့။ တကယ် အရေးအကြောင်းကြုံလာရင် ဒါတွေဟာ ကိုယ့်ကို မအိုအောင်လည်း လုပ်ပေးလို့ မရပါဘူး။ ရှိသမျှ စည်းစိမ်တွေ အကုန်ပုံပေးမယ်။ ဘယ်လောက်ပေးပေး အိုခြင်းနဲ့ ဝေးအောင် မဖန်တီးနိုင်ပါဘူး။ ဖြစ်နေတဲ့ အနာရောဂါပျောက်ရင် တော်ပါပြီ။ ရှိသမျှ စည်းစိမ်သန်းပေါင်းများစွာ ကုန်ချင်ကုန်ပါစေဆိုတော့လည်း ဘုန်းကြီးတို့ပရိသတ် မပျောက်တဲ့ အနာရောဂါတွေ အများကြီးပါ။ တချို့ကဆိုရင် ရှိသမျှ စည်းစိမ်တွေ ကုန်ချင်ကုန်ပါစေ။ ဒီနိုင်ငံမှာ ကုလို့ မရရင် တခြားနိုင်ငံမှာ သွားကုမယ်။ ဒီဆရာဝန်နဲ့ ကုလို့မရရင် တခြားဆရာဝန်နဲ့ ကုလိုက်မယ်။ ဘယ်လောက်ကုန်ကုန် ဘာတွေပဲ ကုန်သွားကုန်သွား ရှိသမျှ အားလုံးကုန်သွားပါစေ။ ကျန်းမာရင် တော်ပါပြီ။ ရောဂါကင်းရင်တော်ပြီဆိုပြီးတော့နာခြင်းတရားကို အံတုတယ်။ နောက်ဆုံးတော့ လက်မြှောက်လိုက်ရတာပါပဲ။ အံတုလို့ မရပါဘူး။ သေခြင်းတရား

www.dhammadownload.com



ကိုလည်း ဘုန်းကြီးတို့ပရိသတ် သွားပြိုင်လို့မရပါဘူး။ စိန်ခေါ်လို့ မရပါဘူး။ သက်ရှိသတ္တဝါ မှန်သမျှ သေကိုသေကြရပါတယ်။

www.dhammadownload.com

# ကိုယ့်တရားက စောင့်ရှောက်

အားကိုးရာ မရှိတဲ့လောက၊ အားကိုးရာ မရှိတဲ့ဘဝ၊ စောင့်ရှောက်သူ မရှိတဲ့လောက၊ စောင့်ရှောက်သူ မရှိတဲ့ဘဝမှာ ဘုန်းကြီးတို့ပရိသတ် အစောင့်အရှောက် လိုချင်တယ်ဆိုရင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ညွှန်ပြတာ ရှိပါတယ်။

"ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ"။

ဟဝေ – စင်စစ်ကေန် အမှန်အားဖြင့်၊ ဓမ္မော – တရားတော်သည်၊ ဓမ္မစာရိံ – တရားဓမ္မကျင့်တဲ့သူကို၊ ရက္ခတိ – စောင့်ရှောက် ပါပေ၏။

တရားက စောင့်ရှောက်တယ်၊ ဘယ်သူ့ကို စောင့်ရှောက်တာလဲဆိုရင် ဓမ္မစာရိံ – တရားဓမ္မကျင့်သူကို တရားက စောင့်ရှောက်ပါတယ်။ တရားက

www.dhammadownload.com



ဘယ်သူ့ကိုမဆို လူတိုင်းလူတိုင်းကို စောင့်ရှောက်တာ မဟုတ်ပါဘူး။ တရားဓမ္မကျင့်တဲ့ သူကိုမှ စောင့်ရှောက်တာပါ။ တရားကျင့်တဲ့သူကိုမှ တရားက စောင့်ရှောက်ပေးတာပါ။ တရားဓမ္မမကျင့်ဘဲနဲ့ တရားစောင့်ရှောက်မှုကို ခံယူမယ်လို့ မရပါဘူး။

ကိုယ်ကျင့်ထားတဲ့ တရား၊ ကိုယ့်မှာ ရှိနေတဲ့ တရားကမှ ကိုယ့်ကိုပြန်ပြီး စောင့်ရှောက်ပါလိမ့်မယ်။ ကိုယ့်မှာရှိတဲ့ တရားကိုမှ ကိုယ်အားကိုးလို့ ရပါမယ်။ သူများတရား ဘုန်းကြီးတို့ပရိသတ် လှမ်းအားကိုးဖို့ စိတ်မကူးပါနဲ့။ သူများရှိတဲ့ တရားကလည်း ကိုယ့်ကို လှမ်းပြီး စောင့်ရှောက်လို့ မရနိုင်ပါဘူး။

ဘဝထဲမှာ အစောင့်အရှောက် ကောင်းကောင်း လိုချင်တယ်ဆိုရင် တရားရှာရပါမယ်။ အားကိုးရာ အားထားရာ အစစ်အမှန်ကို ရှာမယ်ဆိုရင် တရား ရှာရပါမယ်။ အိုခြင်းတရား၊ နာခြင်းတရား၊ သေခြင်း တရားတွေနဲ့ တွေ့ကြုံလာချိန်မှာ တရားရှိသူနဲ့ တရားမရှိသူ ဘယ်နည်းနဲ့မှ မတူနိုင်ပါဘူး။

www.dhammadownload.com

# ကိုယ်မပိုင်တဲ့ဘဝ

"အသကော လောကော သဗ္ဗံ ပဟာယ ဂမနီယံ။"

လောကော - လောကထဲမှာ ရှိနေကြတဲ့ လူအပေါင်းဟာ၊ လူ့ဘဝတစ်ခု ပိုင်ဆိုင်ရရှိထားတဲ့ သူတွေဟာ၊ အသကော - ဘယ်လောက်ရှာရှာ ဘယ်လိုပင်စုစု ကိုယ်ပိုင်ဥစ္စာ ဘာတစ်ခုမှ မရှိပါဘူး၊ သဗ္ဗံ - ရရှိပိုင်ဆိုင်ထားသမျှ အားလုံးကို၊ ပဟာယ - ပယ်စွန့်၍၊ ဂမနီယံ - နောင်တမလွန်ဘဝသို့ သွားကြရပါလိမ့်မယ်။

အကုန်လုံးကို စွန့်သွားရမယ်။ ဘယ်လောက်ရှာရှာ ဘယ်လောက်စုစု ကိုယ်ပိုင်ရဲ့လားဆိုတော့ ကိုယ်ပိုင်တာ ဘာမှမရှိပါဘူး။ အားလုံးကျန်ခဲ့မှာတွေပါလို့ မြတ်စွာဘုရားက ဟောကြားပါတယ်။

www.dhammadownload.com



ကိုယ်ပိုင်ဥစ္စာ မရှိပါ ကျန်ရစ်မှာပါတကား။

ဘုန်းကြီးတို့ပရိသတ်မှာ ကိုယ်ပိုင်ဆိုတာ ဘာရှိသလဲလို့ ရှာကြည့်ကြပါစို့။ အခု ကိုယ်နေတဲ့အိမ် ဘယ်သူ့အိမ်လဲ၊ ဘယ်သူ့အိမ်မှာ နေလဲဆိုရင် ကိုယ်ဆောက်ထားတဲ့ ကိုယ်ပိုင်အိမ်၊ ကိုယ်ဝယ်ထားတဲ့ ကိုယ်ပိုင်အိမ်မှာ နေတယ်လို့ပဲ ပြောကြမှာပါ။ "ဒါငါ့ရဲ့ ကိုယ်ပိုင် အိမ်၊ ဒီခြံကလည်း ငါ့ရဲ့ကိုယ်ပိုင်ခြံပေါ့" လို့ ပြောကြမှာပါ။ ကိုယ်ပိုင်အိမ်နဲ့ ကိုယ်ပိုင်ခြံနဲ့ ကိုယ်ပိုင်တိုက်နဲ့ ကိုယ်ပိုင်ကားနဲ့ ကိုယ်ပိုင်ဖုန်းနဲ့လို့ ပြောပြော နေကြပါတယ်။

ကိုယ်ပိုင် ကိုယ်ပိုင်လို့ ထင်မြင်ယူဆ ပြောဆိုကြတာဟာ လောကထဲမှာ ရှိတဲ့ လူတွေရဲ့အမြင်ပါ။ ဘဝစစ်တမ်းထုတ်ကြည့်လိုက်ချိန်မှာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက သုံးသပ်ပြပါတယ်။ ဘဝထဲမှာ နေကြတဲ့သူ ဘယ်သူမဆို ကိုယ်ပိုင်ဆိုတာ မရှိဘူး။ ဘာလို့ ကိုယ်ပိုင်မရှိဘူးလို့ ပြောနိုင်သလဲဆိုတော့ "သဗ္ဗံ ပဟာယ ဂမနီယံ" အကုန်လုံးကျန်ခဲ့မှာ၊ အကုန်လုံးထားခဲ့ရမှာမို့လို့ပါတဲ့။

ဘဝရဲ့အဆုံး ဘဝရဲ့နိဂုံး သေခြင်းတရားဆီကို ရောက်ချိန်မှာ မရဏတရားဆီကို ရောက်ချိန်မှာ ပိုင်

www.dhammadownload.com



ဆိုင်သမျှ အကုန်လုံးကို စွန့်ခဲ့ရမယ်၊ ထားခဲ့ရမယ်။ ကျန်ရစ်ခဲ့လိမ့်မယ်လို့အရှည်ကိုမြင်တဲ့ဘုရားရှင်က ကောက်ချက်ချပြပါတယ်။

ဘုန်းကြီးတို့ပရိသတ် ကိုယ်ရှာထားတဲ့ ပစ္စည်းဥစ္စာတွေအားလုံး ကိုယ့်နောက်ကိုပါမှာလား၊ ကျန်ခဲ့မှာလား ဆိုတော့ ကျန်ခဲ့မှာပဲနော်။ ကိုယ့်ရဲ့အိမ်တွေခြံတွေ တိုက်တွေ ကားတွေ တမလွန်ဘဝဆီကို ကိုယ်ယူသွားလို့ မရပါဘူး။ တစ်ပါတည်းပါအောင် သယ်သွားလို့ မရပါဘူး။ ဒီဘဝမှာပဲ ကျန်ခဲ့မယ်။ နောက်ဘဝတစ်ခုမှာ လက်မဲ့ဘဝနဲ့ ပြန်စကြရပါမယ်။ အရင်ဘဝက ပိုင်ဆိုင်မှုတွေ အခုပါမလာလို့ အခုပိုင်တာတွေကို ယူသွားကြလို့ မရပါဘူး။

www.dhammadownload.com

# လမ်းလွဲလမ်းချော်ရင်

အခုခေတ်မှာ တချို့ တချို့ အကျင့်တွေ အကောင်းထင်ပြီး ကျင့်နေကြပါတယ်။ သီလလည်း မဟုတ်၊ သမာဓိလည်း မဟုတ်၊ ပညာလည်း မရတဲ့ အကျင့်တွေဟာ အကျင့်မှန်မဟုတ်၊ မိစ္ဆာအကျင့် မှားတဲ့ အကျင့်လို့ သိနားလည်ထားရမှာပါ။ မှားတဲ့ အကျင့်ကို ကျင့်မိတဲ့သူတို့မှာ မှန်ကန်တဲ့အကျင့် မဂ္ဂင်အကျင့်ကနေ လွဲချော်သွားပါတယ်။ မဂ္ဂင်လမ်း ကနေ ချော်သွားတဲ့အတွက် နိဗ္ဗာန်နဲ့ ဝေးပါတယ်။ မှန်တဲ့အကျင့်ကို ကျင့်နေတဲ့သူတွေဟာ အခွင့် ကောင်းကို ရနေကြတာပါ။ မဂ္ဂင်အကျင့် ကျင့်ခွင့်ရ တာ အခွင့်ကောင်းပါ။

ဘဝဆိုတာသည် အမျိုးမျိုးအဖုံဖုံ ကျင်လည် ရလေတော့ အယူမှားတဲ့ဘဝမျိုး ရောက်သွားရင်

www.dhammadownload.com



သွားပါပြီ။ တစ်ဘဝနဲ့ မပြီးဆုံးပါဘူး။ ဆက်ကာဆက်ကာ မကောင်းတဲ့အကျိုးဆက်တွေ လာဦးမှာပါ။ မှားပြီးရင်းမှားလို့ မှန်ကန်တဲ့ ကျင့်စဉ်ပေါ်ကို ပြန်ရောက်ဖို့မလွယ်တော့ပါဘူး။ဒါကြောင့် ဘုရားရှင်က "မိစ္ဆာအယူ မှားယွင်းတဲ့ အကျင့်အကြံတွေ ကျင့်ကြံမယ်ဆိုရင်လည်း အခွင့်ကောင်းတွေ လွဲသွားမယ်" လို့ မိန့်ကြားတော်မူတာပါ။

ကမ္ဘာ့လူဦးရေနဲ့ ကြည့်မယ်ဆိုရင် ဗုဒ္ဓဘာသာဝင် အရေအတွက်ကို များတယ်လို့ မပြောနိုင်ပါဘူး။ တခြားဘာသာအယူဝါဒ၊ မိစ္ဆာဝါဒတွေကို ယုံကြည်စွဲလမ်းနေသူတွေလည်း အမြောက်အမြား ရှိပါတယ်။ တကယ်လို့သာ ကိုယ်က ဘာသာခြားမိသားစုမှာ လူသွားဖြစ်တယ်ဆိုရင် ပတ်ဝန်းကျင် နီးစပ်မှုအရ မိရိုးဖလာ ယုံကြည်မှုအရ အလွဲအမှားကို ယုံကြည်လက်ခံမိဖို့ များပါတယ်။ လက်ရှိဘဝမှာ ကံကောင်းလို့သာ အယူဝါဒမှန်ကိုလက်ခံတဲ့ မိသားစုမှာ ဖြစ်ခွင့်ရတာပါ။ မှန်ကန်တဲ့အယူဝါဒကို ကိုယ်နဲ့ကိုယ့်ပတ်ဝန်းကျင်မှာ အေးအေးချမ်းချမ်း ကျင့်သုံးခွင့်ရတယ်ဆိုတာ အခွင့်ကောင်းနဲ့ကြုံတာပါ။

www.dhammadownload.com

# ဘဝထဲမှာ ဘာတွေပါလာ

လူတစ်ယောက်အနေနဲ့ ဘဝတစ်ခုကိုရလာလို့ ရှိရင် ဒီဘဝထဲ ဘာရှိသလဲ၊ ငါတို့ ပိုင်ဆိုင်ရရှိထားတဲ့ ဘဝမှာ ဘာတွေများ ပါလာသလဲလို့ ပြန်တွက်ကြည့် သင့်ပါတယ်။ ဘဝထဲမှာ ဇာတိ ဇရာ ဗျာဓိမရဏတွေ ပါလာတာ အသေအချာပါပဲ။

ကလလရေကြည်ခေါ်တဲ့ သန္ဓေသားအဖြစ်နဲ့ အမိဝမ်းခေါင်း စတင်ကိန်းအောင်းတာဟာ ဘဝ တစ်ခုအစပြုတဲ့ ဇာတိပါ။ အမိဝမ်းက ကျွတ်တဲ့ အချိန်ကစပြီး တရွေ့ရွေ့နဲ့တိုးဝင် နေ့စဉ်သွားနေတာ ဟာ ဇရာဆိုတဲ့ အိုခြင်းတရားဆီကိုပါ။ ဇရာကနေ ဘယ်ဆီကို သွားပြန်တုံးဆိုတော့ ဗျာဓိဆီကို သွား ပါတယ်။ အိုခြင်းကနေ နာခြင်းဆီကို သွားပါတယ်။

www.dhammadownload.com



နာခြင်းကနေ သေခြင်းဆီကို သွားပြန်ပါတယ်။ အဆင့်ဆင့် လက်ဆင့်ကမ်းသွားတာပါ။

ဘဝတစ်ခု ခန္ဓာတစ်ခု ပိုင်ဆိုင်ထားတဲ့ ဒီဘဝမှာ၊ ရရှိထားတဲ့ ဒီဘဝမှာ ဘာတွေ ပါဝင်လဲလို့ စစ်တမ်းထုတ်ရင် ဇာတိ ဇရာ ဗျာဓိ မရဏဆိုတာပဲ ရှိပါတယ်။ မအိုချင်လို့ မရပါဘူး။ မနာချင်လို့ မရပါဘူး။ မသေချင်လို့ မရပါဘူး။ ဒါဟာ ဘဝရဲ့ အခြေခံသဘောပါပဲ။

လူတိုင်း လူတိုင်းမှာ အို၊ နာ၊ သေ ဆိုတာ ရှိတယ်။ ဒီ အို၊ နာ၊ သေ ဆိုတဲ့ သဘောတရားကို ပြန်ပြီးတော့ မြင်ယောင်မိအောင်၊ ကိုယ့်အသိထဲ ရောက်သွားအောင် မြတ်စွာဘုရားက အသိတစ်ခု ထည့်ပေးလိုက်တာပါ။

အို၊ နာ၊ သေ တရားဆိုတာ လူသားတိုင်းရဲ့ အရှိတရားပါ။ သူ့မှာလည်း ရှိတယ်။ ကိုယ့်မှာလည်း ရှိတယ်။ လူတိုင်းလူတိုင်းမှာရှိပါတယ်။ လူတွေသည် ဘယ်လမ်းသွားနေလဲဆိုတော့ လူတွေ သွားနေတဲ့ လမ်းကြောင်း၊ လူတွေ ဖြတ်သန်းသွားနေတဲ့ နေရာသည် ဇာတိ ဇရာ ဗျာဓိ မရဏ မှတ်တိုင်တွေကိုပါ။ ဘဝတစ်ခုရဲ့ လမ်းဆုံး၊ ဘဝတစ်ခုရဲ့ ခရီးဆုံးသည်

မရဏ သေခြင်းတရားမှာပဲ ဆုံးရမယ်။ ဘယ်လောက် ပြည့်စုံပြည့်စုံ နိဂုံးချုပ်တော့ မရဏမှာပဲ ချုပ်ရပါတယ်။ ပညာတွေ ဘယ်လောက်သင်ထား သင်ထား၊ ဘယ်လောက်ပဲတတ်တတ် နိဂုံးချုပ် နောက်ဆုံးတော့ အဲဒီပညာရှင်တွေဟာလည်း မရဏသေခြင်းမှာပဲ အဆုံးသတ်ကြရပါတယ်။ အဲဒီ သဘောတရားလေးကို မမေ့ဖို့ မြတ်စွာဘုရားက ဟောပြလိုက်တာပါ။

www.dhammadownload.com

# အို, နာ, သေ တို့ လွတ်ချင်လို့

အသိဉာဏ်ရှိကြတဲ့ သူတော်ကောင်းများ တရားဓမ္မကျင့်တယ်။ တရားရှာတယ်ဆိုတာသည် အိုခြင်း၊ နာခြင်း၊ သေခြင်းတွေကနေလွတ်ချင်လို့ပါ။ တစ်နည်းပြောရရင် မအိုချင်လို့ တရားရှာတာပါ။ မနာချင်လို့ မသေချင်လို့ တရားရှာတာပါ။

ဘုန်းကြီးတို့ပရိသတ်ကိုလည်း ဘုန်းကြီး မေးကြည့်ချင်ပါတယ်။ အိုချင်လားဆိုရင် ဘယ်လိုဖြေမလဲ။ မအိုချင်ဘူးလို့သာ ဖြေကြပါလိမ့်မယ်။ နာချင်လား၊ သေချင်လား ဆိုရင်လည်း မနာချင် မသေချင်ဘူးလို့ဘဲ ဖြေကြပါလိမ့်မယ်။

အဲဒီတော့ ဘာရှာရမလဲ၊ တရားရှာရမယ်။ အို၊ နာ၊ သေ လွတ်တဲ့ တရားရှာရမယ်။ အိုခြင်း၊ နာခြင်း၊

www.dhammadownload.com



သေခြင်းတရားတွေကို ပြန်အာရုံပြုပြီး "ဟုတ်ပါလား၊ ဒီသဘောတရားတွေ ရှိတယ်။ ငါသည် ကျိန်းသေ ဧကန်အိုရမယ်၊ နာရမယ်၊ သေရမယ်၊ မလွှဲဧကန် အိုခြင်းတရား၊ နာခြင်းတရား၊ သေခြင်းတရားနဲ့ တွေ့ကြုံရမယ်" လို့ သဘောပေါက်နားလည်အောင် အကျဉ်းချုပ်တရားတစ်ပါးအနေနဲ့ မှတ်သားထားရမှာပါ။

ဘဝစစ်တမ်း ထုတ်ကြည့်လိုက်တဲ့အခါမှာ အိုရတာလည်း ဒုက္ခ၊ နာရတာလည်း ဒုက္ခ၊ သေရတာလည်း ဒုက္ခဆိုတော့ ဒီဘဝသည် ဘုန်းကြီးတို့ ပရိသတ် ချမ်းသာတဲ့ဘဝလား၊ ဆင်းရဲတဲ့ ဘဝလား၊ ကောင်းတဲ့ဘဝလား၊ မကောင်းတဲ့ ဘဝလားဆိုတာ အထူးပြောနေစရာတောင် မလိုတော့ပါဘူး။

ဘယ်လိုပဲ ကောင်းတယ်ပြောပြော၊ ဘယ်လောက်ပဲ ကောင်းတယ်ပြောပြော၊ ဘယ်လောက်ပဲ ပြည့်စုံချမ်းသာတယ်ပြောပြောပေါ့။ အိုရတာလည်း ဆင်းရဲတယ်။ နာရတာလည်း ဆင်းရဲတယ်။ သေရတာလည်း ဆင်းရဲတယ်ဆိုတာ မငြင်းနိုင်ပါဘူး။

အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတွေနဲ့ ဖွဲ့စည်းထားတဲ့ ဒီဘဝဟာ ဒုက္ခဘဝ၊ ဆင်းရဲတဲ့ဘဝဆိုတာ

သိစေချင်လို့၊ အသိဉာဏ်လေး ရစေချင်လို့ ဘုရားရှင်က ဟောလိုက်တာပါ။ သိပြီးသားတရားပါ။ လူတိုင်း လူတိုင်းနဲ့လည်း ရင်းနှီးပြီးသား တရားပါ။ ရင်းတော့ ရင်းနှီးတယ်။ သိတော့ သိတယ်။ ကိုယ်က မေ့ထားပါတယ်။

မမေ့ရမယ့် တရား၊ အမြဲအမှတ်ရနေရမယ့် တရားကို ခေါင်းထဲ အတွေးထဲ ရောက်လာတာတောင် ဖျောက်ဖျက်လိုက်ကြတာဟာ အမှားကြီး မှားပါတယ်။

www.dhammadownload.com

www.dhammadownload.com

# လက်ဆင့်ကမ်းကူးပြောင်း

ပစ္စည်းဥစ္စာဆိုတာ ကံပေးတဲ့ အချိန်အခါမှာ ရလာတာမျိုးပါ။ အကြောင်းကံတွေ ကောင်းလာတဲ့ အချိန်မှာ ကိုယ့်လက်ထဲကို ရောက်လာခဲ့တယ်။ ကံအကြောင်းတရားတွေ ပြောင်းလဲသွားပြီဆိုရင် ဒီပစ္စည်းဥစ္စာတွေသည် ကိုယ့်လက်ကနေ တခြား သူ့လက်ကို ပြောင်းသွားပါတယ်။ ကိုယ့်ဆီရောက် လာလည်း သူများလက်ထဲကနေ ကိုယ့်ဆီရောက် လာတာပါ။ အဲဒီလိုပဲ ကိုယ့်ဆီကနေပြီးတော့လည်း သူများလက်ထဲ ပြန်ရောက်သွားတတ်ပါတယ်။ တစ်ယောက်ပြီးတစ်ယောက်၊ တစ်ဦးပြီးတစ်ဦး လက်ကူး လက်ပြောင်းပြီးတော့ ခေတ္တခဏ ပိုင်ဆိုင် နေကြတာမျိုးပါ။ တကယ်တမ်း တစ်ဦးတည်းပိုင် တယ်ဆိုတာ ဘုန်းကြီးတို့ ပရိသတ်မှာ မရှိပါဘူး။

www.dhammadownload.com



တစ်ခါတစ်ခါ ဘုန်းကြီး စဉ်းစားကြည့်တယ်။ ကိုယ်ပိုင်မြေ ကိုယ်ပိုင်အိမ်လို့သာ ပြောတယ်။ လူသားတွေနေကြတဲ့ ကမ္ဘာမြေဆိုတာ လွန်ခဲ့တဲ့နှစ်သန်းပေါင်းများစွာကတည်းက ဖြစ်တည်ခဲ့တဲ့ အရာဝတ္ထုပါ။ ဒီမြေကြီးပေါ်မှာ နေသွားကြတဲ့သူတွေ ကိုယ့်ရှေ့က ဘယ်နှယောက်နေသွားပြီးပြီ၊ ဘယ်နှဆက် နေသွားပြီးပြီဆိုတာ မှန်းဆလို့ တွက်လို့တောင်မှ ဘုန်းကြီးတို့ပရိသတ် မရပါဘူး။ ကိုယ်နေတဲ့မြေပေါ်မှာ လူသားတွေ ဘယ်နှဆက်နေလို့ ဘယ်နှဆက် သေသွားကြပြီဆိုတာ ရေတွက်လို့တောင် နိုင်မှာ မဟုတ်ပါဘူး။

အခုလည်း ငါပိုင်တယ်၊ ငါပိုင်တယ်လို့ ပြောနေတယ်။ ငါ့ရဲ့ ကိုယ်ပိုင် ငါ့ရဲ့ ကိုယ်ပိုင်လို့ပြောတယ်။ ပြောရင်းပြောရင်းကနေပြီးတော့ နောက်အနှစ်ငါးဆယ် အနှစ်တစ်ရာကျလို့ရှိရင် ကိုယ်လည်းပဲ ဒီမြေပေါ် ဒီအိမ်ပေါ် ရှိဦးမလားဆိုရင် မရှိနိုင်တော့ပါဘူး။ နောက်တစ်ယောက် ပြောင်းလာမှာ၊ ရောက်လာမှာပါပဲ။ အဲဒီလို တစ်ယောက်ပြီးတစ်ယောက် လက်ဆင့်ကမ်းပြီး လက်ဆင့်ပြောင်းပြီး သွားနေတဲ့ ပစ္စည်းဥစ္စာတွေကို ငါပိုင်တယ်လို့မြင်နေရင် အမြင်မှားသာ ဖြစ်ပါလိမ့်မယ်။

www.dhammadownload.com

# မစွန့်နိုင် မစားနိုင်သူ

တစ်ခါတုန်းက သာဝတ္ထိပြည်မှာ အပုတ္တက သူဌေးဆိုတဲ့ နာမည်ကြီး သူဌေးကြီးတစ်ဦး ရှိခဲ့ဖူးပါတယ်။ သူ့တစ်သက်မှာ ဘယ်သူ့ကိုမှ သူပိုင်ပစ္စည်းဘာတစ်ခုကိုမျှ မပေးဖူးတဲ့သူလို့ စာတင်ရလောက်အောင် နမြောတွန့်တို ကပ်စေးနည်းသူပါ။ သူများကိုပေးဖို့ ကျွေးဖို့ မသဒ္ဓါတာထားလို့ သူ့ကိုယ်သူတောင်မှ မသဒ္ဓါတဲ့သူပါ။

ကောင်းကောင်းစားနိုင်ရဲ့သားနဲ့ အညံ့ဆုံး ထမင်းဟင်းကိုသာ စားပါတယ်။ ကောင်းကောင်းဝတ်နိုင်ရဲ့သားနဲ့အစုတ်အပြတ်အဖာအထေးကိုသာ ဝတ်ပါတယ်။ အိမ်ကောင်းရာကောင်း နေနိုင်ပေမဲ့

www.dhammadownload.com



ဝါးတဲ ထန်းလက်တဲမှာပဲ နေပါတယ်။ ကုဋေပေါင်း များစွာ ပိုင်ဆိုင်ထားတဲ့ သူ့ဥစ္စာသူ့ပစ္စည်းတွေ ပွန်းပဲ့ ကုန်ခန်း လျော့နည်းသွားမှာကို ကြောက်လို့ပါ။ ရနိုင် သမျှ နည်းမျိုးစုံနဲ့ ရှာသာ ရှာပါတယ်။ ရသမျှကို လည်း စုပါတယ်။ စားလည်းမစား၊ သုံးလည်း မသုံး၊ ပေးလည်း မပေး၊ လှူလည်း မလှူနဲ့ ခြိုးခြံခြစ်ချုပ်ပြီး နေသွားလိုက်တာ သေတဲ့အထိပါပဲ။

သေသွားချိန်မှာ ဥစ္စာပစ္စည်းတွေ အများ အပြား ကျန်ရစ်ခဲ့ပါတယ်။ အမွေဆက်ခံမယ့် သား သမီးလည်း မရှိတဲ့အတွက် ကျန်ရစ်တဲ့ ပိုင်ရှင်မဲ့ ပစ္စည်းတွေကို ကောသလမင်းက မင်းဘဏ္ဍာအဖြစ် သိမ်းဆည်းလိုက်ပါတယ်။ ရွှေငွေတွေကို လှည်း အစီးပေါင်းများစွာနဲ့ သယ်ယူခဲ့ရတာပါ။

သေသွားတဲ့ သူဌေးလက်ထဲမှာ ဘာမျှပါမသွား ပါဘူး။ အပ်တိုအပ်စလေးတောင် ယူမသွားနိုင်ပါ ဘူး။ အကုန်ထားပစ်ခဲ့ရပါတယ်။ သူများတွေသုံးဖို့ သာ ကျန်ခဲ့ပါတယ်။ ဘုန်းကြီးတို့ပရိသတ် နေ့တိုင်း နေ့တိုင်း နေ့ရှိသမျှ ကိုယ်ရှာနေတာ ဘာအတွက်လဲ လို့ စဉ်းစားရမှာပါ။ ရလာသမျှကို အကျိုးရှိရာမှာ သုံးစွဲရမှာပါ။

www.dhammadownload.com



ကိုယ့်အကျိုး အများအကျိုး မျှတအောင် ခွဲဝေသုံးစွဲဖို့ အရေးကြီးပါတယ်။ ဒီဘဝအတွက်လည်းသုံးပြီးတော့ နောက်ဘဝအတွက် သံသရာအတွက်ပေးကမ်းလှူဒါန်းမှုတွေလည်း ပြုဖို့ လိုပါတယ်။ လှူလိုက်တာဟာ ယူသွားတာနဲ့ အတူတူပါပဲ။ အကျိုးရှိအောင် အသုံးချလိုက်တာဟာ ကိုယ့်အတွက်ရသွားတာနဲ့ အတူတူပါပဲ။ ဒါကြောင့် ကိုယ့်ပစ္စည်းကိုယ့်ဥစ္စာကို စားရဲဖို့ လိုသလို စွန့်ရဲဖို့လည်း လိုပါတယ်။မစွန့်ရဲမစားရဲတဲ့အပုတ္တကသူဌေးကအသက်ရှင်စဉ်မှာ ဘာကောင်းမှုမျှ ပြုမသွားတဲ့အတွက်သေပြီးတဲ့နောက် အပါယ်ဒုဂ္ဂတိကို ရောက်သွားပါတယ်။ကျန်ခဲ့တဲ့ပစ္စည်းတွေလည်းနောက်ဆုံးတော့သူများလက်ကိုသာ ရောက်သွားရပါတယ်။

www.dhammadownload.com

# ကိုယ့်ဥစ္စာအစစ်အမှန်

ပစ္စည်းဥစ္စာဆိုတာသည် သူကလည်း ကိုယ့်ကို စွန့်ချင်စွန့်မယ်။ ကိုယ်ကလည်း သူ့ကို စွန့်ချင်စွန့်မယ်။ သေကွဲ ကွဲချင်လည်း ကွဲပါလိမ့်မယ်။ ရှင်ကွဲ ကွဲချင်လည်း ကွဲပါလိမ့်မယ်။ မခွဲချင်ဘဲ ခွဲရတာလည်းပဲ ဖြစ်ချင်ဖြစ်မယ်။ ခွဲချင်လို့ ခွဲလိုက်ရတာလည်း ဖြစ်ချင်ဖြစ်မယ်။ ဘယ်နည်းနှင့်မဆို ပောဒီ ဥစ္စာပစ္စည်းတွေသည် ကိုယ်ပိုင်ဥစ္စာ မဟုတ်တာတော့ အမှန်ပါပဲ။

ဘဝထဲမှာ တကယ် ကိုယ်ပိုင်တဲ့ ကိုယ်ပိုင်ဥစ္စာကို ရှာချင်တယ်ဆိုရင် ကိုယ်ပိုင်ဥစ္စာသည် ကိုယ်ပြုထားတဲ့ ကံတွေသာ ဖြစ်ပါလိမ့်မယ်။

www.dhammadownload.com



"ကမ္မဿကော - ကံသာလျှင် ကိုယ်ပိုင်ဥစ္စာလို့" ဘုရားရှင်က ညွှန်ပြတော်မူပါတယ်။ ဘယ်ဘဝရောက်ရောက် ကိုယ့်နောက်ကို လိုက်မှာက ကိုယ်ပြုတဲ့ကံတွေပါ။ ဘုန်းကြီးတို့ပရိသတ် လူ့ဘဝရောက်လည်းပဲ ကိုယ်ပြုထားတဲ့ကံတွေ ပါလာမှာပဲ။ နတ်ပြည်ဌာန နတ်လောကသွားရင်လည်း ပါလာမှာလိုက်လာမှာပဲ။ ဗြဟ္မာ့ပြည်ကို ရောက်သွားမယ်ဆိုရင်လည်းပဲ ဒီကံတွေက မနေပါဘူး။ လိုက်လာလိမ့်မယ်။ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာအစစ်ပါ။ ကိုယ်အမှန်တကယ် ပိုင်ဆိုင်တာက ကိုယ့်ကံသာပါ။

www.dhammadownload.com

# ဘဝတိုးတက်အောင်ကျင့်

ကိုယ့်အနီးအနားမှာ ရှိတဲ့ ကျွဲနွားတွေ ခွေးကြောင်တွေကိုသတိထားကြည့်လိုက်ရင်သူတို့ဘဝမှာ တိုးတက်ကြောင်း ကြီးပွားကြောင်း ကျင့်တယ်ဆိုတာ မရှိပါဘူး။ ကျင့်ဖို့ ကောင်းတယ်ဆိုတဲ့ အသိဉာဏ်လည်း မရှိကြတာ တွေ့ရပါလိမ့်မယ်။

ကမ္ဘာဦးစကတည်းက တည်တံ့လာခဲ့တဲ့ တိရစ္ဆာန်တို့ရဲ့ အသက်ရှင်နေထိုင်မှု ဘဝပုံစံဟာ ယနေ့ခေတ်အထိ ဒီပုံစံအတိုင်းသာ ရှိနေပါတယ်။ သမိုင်းဖွံ့ဖြိုးမှုတောင် မရှိနိုင်တဲ့ သူတို့ဘဝမှာ မြင့်မြတ်တဲ့ တရားတော်တွေ ကျင့်ကြံဖို့ အခွင့်အရေးဆိုတာတော့ ဝေလာဝေးပေါ့။ တစ်ခါတစ်ခါဘုန်းကြီးတွေးကြည့်ပါတယ်။ မြွေက ဖားကိုစား၊ ကြက်

www.dhammadownload.com



ကလေးတွေက ပိုးကောင်လေးတွေစားနဲ့ ကြီးနိုင်ငယ်ညှဉ်း အိပ်စားကာမ သူတို့ဘဝမှာ အမြင့်ဘဝကို ပြန်တက်လာဖို့ဆိုတာတောင် မလွယ်ကူနိုင်ပါဘူး။ အကောင်းအဆိုး ကုသိုလ်အကုသိုလ် ဘာမျှမခွဲခြားနိုင်တာမို့ ဒီဘဝကို ရောက်သွားခဲ့ရင် မတွေးရဲစရာပါ။

ဒါကြောင့် လက်ရှိရနေတဲ့ လူ့ဘဝကို တန်ဖိုးထားတတ်ဖို့ အလိုအပ်ဆုံးပါပဲ။ သိပ္ပံပညာရှင်များဒါဝင်က လူဟာ မျောက်က ဆင်းသက်လာတာပါတဲ့။ တချို့ကလည်း ပြောပါတယ်။ ဗြဟ္မာက ဆင်းသက်လာတာတဲ့။ လူဖြစ်ပေမဲ့ လောဘ ဒေါသတွေ မိုးမွှန်လာရင် တိရစ္ဆာန်တစ်ကောင်ထက် ပိုပြီးရိုင်းစိုင်းလာတတ်ပါတယ်။ တစ်ခါတစ်ခါ မေတ္တာ ကရုဏာ ဗြဟ္မစိုရ်တရားတွေ ရင်ထဲကိန်းအောင်းလာပြန်တော့လည်း တကယ့်ဗြဟ္မာကြီးလိုပဲ အင်မတန်ယဉ်ကျေးသိမ်မွေ့လာတာ တွေ့ရတယ်။

လူဟာ ဘယ်က ဆင်းသက်လာတယ်ဆိုတာ ဗုဒ္ဓဘာသာဝင်တွေအားလုံး သိပြီးသားပါ။ ဗြဟ္မာက လူဖြစ်လာတယ်ပြောပြော၊ မျောက်ကပဲလူဖြစ်တယ်ပြောပြော အကြောင်းမဟုတ်ပါဘူး။ အရေးကြီးတာ

www.dhammadownload.com



က လူက နေ မျောက်ပြန်မဖြစ်သွားဖို့ပါပဲ။ မျောက်လို တိရစ္ဆာန်ဘဝမျိုး ပြန်ရောက်သွားရင်တော့ ဒီလို တရားအားထုတ်ဖို့ အခွင့်အရေးဝေးပါပြီ။ ကမ္ဘာ အသင်္ချေ သံသရာထဲမှာ မြုပ်မျော မျောရပါပြီ။

www.dhammadownload.com

# လူနဲ့ တိရစ္ဆာန်ကွာခြား

လူသားတစ်ယောက်နဲ့ တိရစ္ဆာန်တစ်ကောင် သက်ရှိဘဝ ရကြတာချင်းအတူတူ၊ ရုပ်နာမ်တရား တွေ ရှိကြတာချင်းအတူတူ တရားကျင့်ဖို့ အခွင့် အရေးတွေ၊ ကျင့်နိုင်တဲ့ အသိဉာဏ်တွေ ကွာခြား သွားပါတယ်။

ကိုယ်က ခုဘဝမှာတော့ လူဖြစ်ပေမဲ့ နောက် ဘဝကျရင် တိရစ္ဆာန်ဘဝ မရောက်ဘူးလို့ မပြောနိုင် ပါဘူး။ တချို့အစွဲအလမ်းတွေနဲ့ သေသွားကြပြီး လူ့ ဘဝကနေ တိရစ္ဆာန်ဘဝရောက်သွားကြတာ ရှိပါ တယ်။ တကယ်လို့သာ တိရစ္ဆာန်ဘဝ ရောက်သွား ရင် ဘဝရှုံးသွားပါပြီ။

www.dhammadownload.com



လူ့ဘဝကို ရောက်နေတယ်ဆိုတာ တရားဓမ္မနဲ့ ကိုယ့်ဘဝကို ကိုယ်အဆင့်မြှင့်တင်လို့ရတဲ့ အနေအထားပါ။ လက်ရှိခန္ဓာကိုအခြေပြုကာ တရားဓမ္မကို ကျင့်သုံးမယ်ဆိုလည်း ကျင့်သုံးနိုင်ပါတယ်။ ဒုက္ခဆင်းရဲတွေက လွတ်အောင်ကျင့်မယ်ဆိုရင်လည်း ကျင့်နိုင်ပါတယ်။

သက်ရှိလောကမှာ လူနဲ့တိရစ္ဆာန် အရေအတွက်ကို နှိုင်းယှဉ်ကြည့်လိုက်ရင် တိရစ္ဆာန်အရေအတွက်က ပိုများတာ သေချာပါတယ်။ မိုးဦးကျက တရုတ်ပြည်မှာ ရေတွေကြီးလို့ ယန်စီမြစ်ကြီး ရေတွေ လျှံပါတယ်။ ကွင်းတွေ ချိုင့်တွေ မြေပြင်တွေ အားလုံး ရေဖုံးလွှမ်းလို့ လူတွေ နေစရာမရှိ အိုးမဲ့ အိမ်မဲ့ ဖြစ်ကြရပါတယ်။

အဲဒီမှာ ကြွက်တွေလည်း ရေမြုပ်လို့ အပြင်ကို ထွက်လာကြတာ သန်းချီရှိပါတယ်။ စားစရာ နေစရာ မရှိလို့ စိုက်ခင်းတွေစား၊ လူတွေနဲ့ ရောနှောနေပြီး နေကြလို့ ရောဂါဖြစ်မှာစိုးတဲ့အတွက် နှိမ်နင်းကြတာ အကောင်ရေ သုံးသန်းကျော်တယ်လို့ သတင်းထုတ်ပြန်ပါတယ်။ များလိုက်တဲ့ ကြွက်တွေပါ။

www.dhammadownload.com



ဒါကိုကြည့်ရင်အရေအတွက်အားဖြင့်တွက်ဆကြည့်ရင် လူဖြစ်နိုင်တဲ့ အခွင့်အရေးထက် တိရစ္ဆာန်ဖြစ်ဖို့ အခွင့်အရေးက ပိုများတာ သေချာပါတယ်။ သတိထားရမှာက တိရစ္ဆာန်ဘဝကို မတော်တဆရောက်နိုင်တာကိုပါ။ အယူမှားပြီးတော့ သေခါနီးကာလမှာ တစ်ခုခုကို စွဲလမ်းပြီးတော့ သားစွဲ သမီးစွဲ ပစ္စည်းဥစ္စာစွဲကြောင့် တိရစ္ဆာန်ဘဝ ရောက်သွားနိုင်တာကို သတိထားရပါမယ်။ အစွဲအလမ်းတွေ လွတ်ကင်းအောင် တရားကျင့်ကြရပါမယ်။

www.dhammadownload.com

# ပြိတ္တာဘဝ ဖြစ်နေက

သုံးဆယ့်တစ်ဘုံအတွင်းမှာ ကိုယ်မရောက်ဖူးတဲ့ ဘုံဌာနမရှိပါဘူး။ လူသားတစ်ယောက် သေပြီးရင် ကောင်းရာသုဂတိလည်း ရောက်ပြီး နတ်ပြဟ္မာလည်း ဖြစ်နိုင်ပါတယ်။ ငရဲလည်း ကျနိုင်ပါတယ်။ တိရစ္ဆာန် ပြိတ္တာလည်း ဖြစ်နိုင်ပါတယ်လို့ ဗုဒ္ဓဒေသနာမှာ အတိအကျရှိပြီး သားပါ။

ပြိတ္တာဘဝဆိုတာ စားဝတ်နေရေး အလွန်ကြပ်တည်း ကျဉ်းမြောင်းပါတယ်။ ထမင်းတစ်လုံး ရေတစ်ပေါက် သောက်ရဖို့ မလွယ်ပါဘူး။ လူတွေရဲ့ စားကြွင်းစားကျန် အညစ်အကြေးတွေကို စားသောက်နေထိုင်ရတဲ့ ဘဝဆိုးပါ။ လူတွေနဲ့ အနီးစပ်ဆုံးနေရာမှာပဲ ရှိနေပေမဲ့ လူတွေရဲ့ သာမန်မျက်စိနဲ့

www.dhammadownload.com



မမြင်ရပါဘူး။ တစ်ခါတလေ သူတို့က ထင်ထင်ရှားရှားပြမှ မြင်နိုင်တာမျိုးပါ။

ပုံပန်းသဏ္ဍာန်က ကြောက်စရာ လန့်စရာမို့ ဘယ်သူမှ မတွေ့ချင် မမြင်ချင်ကြပါဘူး။ သူတို့ ကိုယ်ထင်ပြတာက သူတို့မှာ စားဝတ်နေရေးအတွက် စားချင် သောက်ချင်လို့ဖြစ်စေ၊ ကုသိုလ်ကောင်းမှုတွေ လိုချင်လို့ဖြစ်စေ၊ ရင်းနှီးကျွမ်းဝင်ခဲ့ဖူးလို့ လက်ရှိအခြေအနေကို မြင်စေချင် သိစေချင်လို့ ဖြစ်စေ ကိုယ်ထင်ပြကြတာကို လူတွေက ကြောက်လန့်ကြပါတယ်။ ခြောက်လှန့်တယ်လို့ ထင်ကြပါတယ်။

ပြိတ္တာဘဝမှာ ဆာလောင်မွတ်သိပ်မှုတွေ အချိန်တိုင်း ခံစားနေရပါတယ်။ မြတ်တဲ့အကျင့်ကို ကျင့်ကြံဖို့ရာ အခွင့်အရေးကောင်းတွေ ဆုံးရှုံးရပါတယ်။

www.dhammadownload.com

# တကျောကျွန်ခံနေရ

တကျောခိုင်းသမျှ လုပ်နေရတဲ့ဘဝမှာ တကျော အလိုကျ နေထိုင်အသက်ရှင်နေကြရတဲ့သူတွေဟာ တကျောရဲ့ကျွန်တွေဆိုရင် မမှားပါဘူး။

ကျွန်ဆိုတာ ဘုန်းကြီးတို့ပရိသတ် ကိုယ်ပိုင် လွတ်လပ်ခွင့် မရှိပါဘူး။ ကိုယ့်စိတ်နဲ့ ကိုယ်၊ ကိုယ့် သဘောနဲ့ကိုယ် ဘာမျှ လုပ်ခွင့်မရှိပါဘူး။ ကိုယ့် အပေါ်က အုပ်ချုပ်ထားတဲ့သူ ကိုယ့်ကို စိုးပိုင်တဲ့သူရဲ့ သဘောကျ အလိုကျ လှုပ်ရှားသွားလာနေထိုင် စားသောက်နေရတာမျိုးပါ။

အခု နွေရာသီကာလ နေ့ခင်းကြောင်တောင် နေပူကျဲတဲမှာဘယ်မှမသွားချင်ဘူး။နေပူထဲမထွက် ချင်ဘူး။ ဒါပေမဲ့ တကျောခိုင်းလိုက်ရင် မနေနိုင်ပါဘူး။

www.dhammadownload.com



ထီးလေး ဆွဲ၊ ဦးထုပ်လေးဆောင်းပြီး ထွက်ကြရပါတယ်။

တကျော်နိုင်းလိုက်ရင် ဘုန်းကြီးတို့ပရိသတ်တို့ မငြင်းနိုင်ပါဘူး။မိဘတွေဆရာသမားတွေနိုင်းလိုက်ရင် ငြင်းချင်ငြင်းဦးမယ်။ "ပူသေးတယ်၊ မသွားသေးဘူး၊ ဘာအရေးကြီးလို့လဲ၊ နောက်မှသွားလည်း ဖြစ်တာပဲ။နောက်မှလုပ်လည်းရတာပဲ" ဆိုပြီးမိဘဆရာသမားတွေ နိုင်းရင် ဘုန်းကြီးတို့ပရိသတ် အလွယ်တကူ လက်ခံချင်မှ လက်ခံမယ်။ တကျော်နိုင်းလာပြီဆိုတဲ့အချိန်မှာတော့ နေပူပူ မိုးရွာရွာ လှိုင်းကြီးကြီးလေထန်ထန် အသက်စွန့်ပြီး သွားတော့တာပါပဲ။

ဘဝထဲမှာ နေရတဲ့သူတွေဟာ တကျော်က ပေးသမျှ ကျွေးသမျှနဲ့ ကျေနပ်ကြရပြီး တကျော်က နိုင်းတာမှန်သမျှ အကုန်လုံး လုပ်နေကြရပါတယ်။

www.dhammadownload.com

# အခွင့်အရေးဆုံးရှုံး

ဘုန်းကြီးတို့နဲ့တစ်ပြိုင်တည်းဖြစ်နေတဲ့သတ္တဝါတွေကိုကြည့်ရင် ပတ်ဝန်းကျင်မှာ တိရစ္ဆာန်လေးတွေလည်း ရှိတယ်။ ပြိတ္တာဘဝရောက်နေရတဲ့ သူတွေလည်း ရှိတယ်။ ငရဲကျနေတဲ့သူတွေလည်း ရှိပါတယ်။ အဲဒီသတ္တဝါတွေဟာ လူတွေလို တရားနာမယ်ဆိုလည်း မနာနိုင်ပါဘူး။ ဒါနကောင်းမှုပြုမယ်ဆိုလည်း မပြုနိုင်ပါဘူး။ သီလဆောက်တည်မယ်ဆိုလည်း မဆောက်တည်နိုင်ပါဘူး။ တရားကျင့်မယ်ဆိုလည်း မကျင့်နိုင်ပါဘူး။ ကုသိုလ်ဘက်က အခွင့်အရေးအားလုံး ဆုံးရှုံးနေပါတယ်။

www.dhammadownload.com



လူတွေမှာလည်း ကိုယ်နဲ့ ထိတွေ့ဆက်စပ်နေတဲ့ လူတွေကိုကြည့်ရင် တချို့လူတွေက စားဝတ်နေရေး ကြပ်တည်းလွန်းလို့ မနည်းလှုပ်ရှား ရုန်းကန်ရှာဖွေပြီး မသေရုံလေး စားနေရတယ်။ သူ့မှာ တခြားကိစ္စတွေ ဘာမျှထည့်မစဉ်းစားနိုင်တဲ့ လူမျိုးရှိပါတယ်။

တချို့က စားစရာသောက်စရာတော့ ရှိတယ်။ ဒါပေမဲ့ သူ့ဦးခေါင်းထဲမှာ စီးပွားရေး ကြီးပွား ရေးပဲရှိတယ်။ ချမ်းသာရဲ့သားနဲ့ ဒီထက်ပိုပိုချမ်းသာအောင် ရှာဖွေတဲ့အလုပ်ပဲ လုပ်ပြီးတော့ တစ်သက်တာ အချိန်ကုန်သွားတဲ့ လူတွေလည်း ရှိပါတယ်။ အဲဒီလို လူတွေဟာ ပြိတ္တာနဲ့တူတဲ့ လူတွေပါ။

www.dhammadownload.com

# ငရဲ တိရစ္ဆာန် ပြိတ္တာနဲ့ တူ

ပြိတ္တာဘဝမှာ ဝတ်မွတ်ခေါင်းပါးသလို အခု လူတွေလည်း ဝတ်မွတ်ခေါင်းပါးတယ်။ မရောင့်ရဲနိုင်လို့ အလိုမပြည့်တဲ့အတွက် အမြဲတမ်း ထပ်ကာ ထပ်ကာ ရှာဖွေနေရတယ်။ ဒါနပြုဖို့လည်း သတိမရ၊ သီလဆောက်တည်ဖို့လည်း သတိမရ၊ တရားဘက်ကိုလည်း သတိမရနဲ့ နေသွားတဲ့လူတွေလည်း လူဖြစ်ကာ အရှုံးထွက်ကြပါတယ်။

တရားအားထုတ်ဖို့ အခွင့်အရေးဆိုတာ ဝေလာဝေး ဖြစ်နေပါတယ်။ ဥပုသ်သီတင်းတောင် စောင့်နိုင်ဖို့ မလွယ်ပါဘူး။ ကိုယ့်ပစ္စည်းကိုယ် စောင့်နေရတဲ့ ပြိတ္တာတွေအဖြစ်နဲ့ ဥစ္စာစောင့်ကြီး လုံးလုံး ဖြစ်ပြီး နေကြရပါတယ်။ အခုလို ရောဂါဘယတွေ

www.dhammadownload.com



သဘာဝဘေးဆိုးတွေ ကင်းရှင်းတဲ့ လက်ရှိအချိန်၊ အသက်ရှင်နေထိုင်ဖို့ အစာအာဟာရတွေ အပြည့်အဝ ရရှိနေချိန်ဟာ တရားကျင့်ဖို့ အကောင်းဆုံး အချိန်ပါ။

တချို့လူတွေကျပြန်တော့လည်း ပျော်ဖို့ ပါးဖို့လောက်ပဲ သိတယ်လို့ ပြောရမှာပါ။ ကောင်းကောင်း အိပ်မယ်၊ စားမယ်၊ ပျော်မယ် ပါးမယ်ဆိုတဲ့ လူတွေဟာ တိရစ္ဆာန်နဲ့ တူတဲ့လူတွေပါ။ ပတ်ဝန်းကျင်မှာ လူတွေကို သေသေချာချာ အကဲခတ်ကြည့်ရင် တချို့က တိရစ္ဆာန်နဲ့တူတယ်။ တချို့က ပြိတ္တာနဲ့ တူတယ်လို့ မြင်လာမှာပါ။

တချို့ကျတော့လည်း ရာဇဝတ်မှုတွေ ကျူးလွန်ပြီးတော့ ထောင်ကျနေကြတယ်။ ထောင်ထဲမှာ ဆင်းရဲကြပ်တည်းမှုတွေနဲ့ ဒုက္ခမျိုးစုံ ခံနေရတယ်။ ကိုယ်လည်း ဆင်းရဲ၊ စိတ်လည်း ဆင်းရဲနေရတဲ့သူတွေကျတော့ ငရဲသားတွေနဲ့ တူနေပါတယ်။ အဲဒီလူတွေမှ ကောင်းတဲ့အလုပ် မြတ်တဲ့အလုပ်ကို လုပ်နိုင်တဲ့ အခွင့်ကောင်းတွေ လွဲချော်ကာ ဆုံးရှုံးနစ်နာကြရပါတယ်။

www.dhammadownload.com

# အသညသတ်ပြဟ္မာ ဖြစ်နေရာ

အသညသတ်ပြဟ္မာဆိုတာ ထူးဆန်းတဲ့ သတ္တဝါတစ်မျိုးပါ။ သူ့မှာ ကိုယ်ခန္ဓာတော့ ရှိတယ်။ အသိစိတ် မရှိပါဘူး။ တစ်နည်းအားဖြင့် ပြောမယ် ဆိုရင် ရုပ်တော့ရှိတယ်၊ နာမ်မရှိဘူးလို့ ပြောရမှာပါ။ သိတတ်တဲ့ အသိဉာဏ်ကင်းမဲ့နေတဲ့အတွက် ဘာနဲ့ သွားတူလဲဆိုရင် ထင်းတုံး သစ်တုံး ကျောက်တုံးနဲ့ သာ တူပါတယ်။ တစ်ဘဝလုံး အသိစိတ်ကင်းမဲ့နေ တာပါ။ စိတ်မရှိ အသိဉာဏ်မရှိလို့ တရားကျင့်လို့ မရပါဘူး။

လူ့ဘဝတုန်းကနာမ်တရားဖြစ်တဲ့စိတ်ကိုရွံမုန်း တယ်။ ဒီစိတ်ကြောင့် မကောင်းမှုတွေ လုပ်ဖြစ်တာ ဆိုပြီး စိတ်ကို အပြစ်မြင်တဲ့အတွက် ဒီစိတ်မျိုး မရှိ

www.dhammadownload.com



အောင် ကြိုးစားအားထုတ်လိုက်တာ ဈာန်အဘိညာဉ်တွေကိုရတယ်။ ဈာန်အစွမ်းသတ္တိနဲ့ ပြဟ္မာ့ပြည်ကို ရောက်ပါတယ်။ ဒါပေမဲ့ သူ့မှာ ချို့တဲ့သွားပါတယ်။ ကိုယ်ပဲရှိတယ်။ စိတ် မရှိပါဘူး။

ဒီနေရာမှာ ဘုန်းကြီးဆိုလိုတာက အစွန်းရောက်စိတ်ဓာတ်ကိုပါ။ အသညသတ်ဘုံဘဝဆိုတာ ရုပ်ပြစ်ရှစ်ပါးသင့်နေတဲ့ နေရာတစ်ခုပါ။ ဒီနေရာကို ဘာကြောင့် ရောက်သွားရတာလဲဆိုတာ စဉ်းစားရပါမယ်။ တစ်ဖက်စွန်းရောက်တဲ့ စိတ်ဓာတ်ကြောင့် ရောက်ရတာပါ။ "ဒီစိတ်ကြီး ဖြစ်ဖြစ်နေလို့ မကောင်းတာတွေ ကြုံမိတာ၊ ဒါမရှိရင် အေးမှာပဲ" ဆိုတဲ့ မှားယွင်းတဲ့ အစွန်းရောက် စိတ်ဓာတ်ပါ။

ဘယ်သူပြောလို့မှ နားမထောင်တော့ဘူး။ သူ့အထင်နဲ့သူ ဖွတ်လုပ်တော့ မဖြစ်သင့်တာတွေ ဖြစ်ကုန်ပါတယ်။ အပင်ပန်းခံပြီး ဈာန်ရအောင် ပွားများရတာချင်း အတူတူ သူများတွေ ရောက်သွားတဲ့ ပြဟ္မာ့ဘုံက ဘုရားဖူးလို့ရ၊ တရားနာလို့ရ၊ တရားကျင့်လို့ ရပါတယ်။ သူ့အတွက်ကတော့ အရှုံးကြီး ရှုံးသွားတာပါပဲ။

www.dhammadownload.com

# ဘဝတိုင်းမရနိုင်

ဘုန်းကြီးတို့ပရိသတ်မှာ တရားကျင့်ဖို့ကောင်းတဲ့ အခွင့်အရေးကောင်းနဲ့ မကြုံစဖူး ထူးထူးခြားခြားကို ကြုံတွေ့နေတာပါ။ အိပ်တယ်၊ စားတယ်၊ ပျော်တယ်ဆိုတာသည် ဘဝတိုင်းမှာ ရနိုင်ပါတယ်။ အောက်ထစ်ဆုံး တိရစ္ဆာန်ဖြစ်ရင်တောင်မှ အိပ်နိုင်၊ စားနိုင်၊ ပျော်နိုင် ပါသေးတယ်။

တရားကျင့်ဖို့ဆိုတာ ဘဝတိုင်းမှာ ရဖို့မလွယ်ပါဘူး။ လွတ်လွတ်လပ်လပ်နဲ့ ကုသိုလ်ကောင်းမှုတွေကို ပြုနိုင်တယ်။ စိတ်သွားတိုင်း ကိုယ်ပါနေတယ်ဆိုတာ ကျင့်မယ်ဆိုရင် ကျင့်သလောက် ခရီးရောက်နိုင်တာပါ။ အသိဉာဏ် အဆင့်အတန်းလည်း ပြည့်မီပါတယ်ဆိုတဲ့ အခြေအနေမျိုးကိုမှ အခွင့်အရေး

www.dhammadownload.com



မယူတတ်ဘူးဆိုရင် တစ်သံသရာလုံး ဆုံးရှုံးသွားလိမ့်မယ်။

လူတိုင်းလူတိုင်းမှာ တန်းတူအခွင့်အရေး ရှိပါတယ်။ ဘယ်သူမဆို တရားကျင့်လို့ ရပါတယ်။ သို့သော် လူတိုင်း တရားကျင့်ရဲ့လား၊ ကျင့်ချင်တဲ့ စိတ်မျိုးရောဖြစ်ရဲ့လားဆိုတာ သိကြပါလိမ့်မယ်။

တရားကျင့်တယ်ဆိုတာ အမှန်တကယ် စဉ်းစားကြည့်ရင် ကိုယ့်ဘဝအတွက် အတော်ဝမ်းသာစရာကောင်းတဲ့ အဖြစ်မျိုးပါ။ ဘဝတိုင်း ဘဝတိုင်းလည်းပဲ မကျင့်နိုင်ပါဘူး။ လူတိုင်းလူတိုင်းလည်းပဲ မကျင့်ဖြစ်ပါဘူး။

တရားမကျင့်လိုက်ရဘဲနဲ့ သေဆုံးကွယ်လွန်သွားကြတဲ့လူတွေလောကမှာအများကြီးရှိပါတယ်။ ယောအတွင်းဝန်ဦးဖိုးလှိုင် မျက်ရည်ကျပြီး ဝိပဿနာတရားဟောပြတဲ့ လယ်တီဆရာတော်ကြီးကို လျှောက်ပါတယ်။

"မင်းတုန်းမင်းတရားကြီးဟာ ကုသိုလ်ကောင်းမှုတွေ အများကြီး ပြုလုပ်ပါတယ်။ ပဉ္စမသံဂါယနာလည်း တင်ခဲ့တယ်၊ ပိဋကတ် တော်တွေကို မန္တလေးတောင်ခြေမှာ ကျောက်ထက်အက္ခရာတင်သွား

www.dhammadownload.com



တယ်။ ကျောင်းကန်ဇရပ်တွေလည်း ဆောက်လုပ်လှူဒါန်း ခဲ့ပါတယ်။ ဥပုသ်သီတင်းလည်း ဆောက်တည်ခဲ့ပါတယ်။ ဒါပေမဲ့ အရှင်ဘုရားတို့ ဟောကြားတဲ့ ဝိပဿနာတရား မနာလိုက်ရဘူး၊ မကျင့်လိုက်ရဘူး၊ ဒီအတွက် ဝမ်းနည်းမိပါတယ်”လို့ လျှောက်ပါတယ်။

ဒါန၊ သီလဆိုတာလူတိုင်းပြုဖြစ်တာများတယ်။ ပြုနိုင်ကြပါတယ်။ ဘာဝနာတရားကျင့်ဖို့ဆိုတဲ့ အခွင့်အရေးကျတော့ ရဖို့ ခက်ပါတယ်။

www.dhammadownload.com

# သာသနာဝေးကွာ လူဖြစ်လာ

သာသနာနဲ့ ဝေးကွာတဲ့အရပ်မှာ ဖြစ်ရတဲ့လူတွေ အခွင့်ကောင်းနဲ့ လွဲပါတယ်။ ဗုဒ္ဓသာသာသနာက ဘယ်ကစလဲဆိုရင် မဇ္ဈိမဒေသခေါ်တဲ့ အိန္ဒိယက စတင်ခဲ့တာပါ။ အိန္ဒိယမှာမြတ်စွာဘုရားရှင်ပွင့်ထွန်းပေါ်ပေါက်ပြီးတော့ (၄၅) နှစ်တိုင်တိုင် တရားဓမ္မဟောကြားခဲ့ပါတယ်။ တစ်နေရာကနေ တစ်နေရာ တစ်မြို့ကနေ တစ်မြို့ တစ်ရွာကနေ တစ်ရွာ အနှံ့အပြား လှည့်လည်ဟောကြားတော်မူတော့ မြတ်စွာဘုရားသာသနာဟာပြန့်ပွားသွားပါတယ်။ ကျယ်ပြန့်သွားပါတယ်။ ရှိရှိသမျှ အရပ်ဒေသအားလုံးကို ပျံ့နှံ့ရောက်သလားဆိုတော့ မရောက်ခဲ့ပါဘူး။

www.dhammadownload.com



ဘုရားရှင်မရှိတဲ့နောက်မှာ ရဟန်းသံဃာတွေ သာသနာပြုကြပါတယ်။ ဒေသအသီးသီး၊ နေရာအသီးသီး၊ တိုင်းပြည်မြို့ရွာတွေ အနှံ့အပြား သွားရောက်ပြီး ဘုရားရှင် အဆုံးအမသာသနာကို ဖြန့်ဖြူးကြပါတယ်။ ဟောပြောကြပါတယ်။ ဒါပေမဲ့ ဗုဒ္ဓအဆုံးအမသာသနာဟာ လူတိုင်းလူတိုင်း ဆီကို ရောက်ရဲ့လားဆိုတာ ကြည့်ပါ။ ခုချိန်ထိကို မြတ်စွာဘုရားသာသနာမရောက်တဲ့နိုင်ငံတွေ ရှိနေဆဲပါပဲ။

ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ သာသနာထွန်းကားပါတယ်။ စည်ပင်ပါတယ်။ ပြန့်ပွားပါတယ်လို့ အားလုံးက လက်ခံထားကြပါတယ်။ သို့သော် လည်း ဟိုတောင်တန်းဒေသ အင်မတန်ခေါင်တဲ့ဒေသတွေကို ပျံ့နှံ့အောင် မရောက်နိုင်သေးပါဘူး။

လွန်ခဲ့တဲ့ လေးငါးနှစ်တုန်းက ဘုန်းကြီး ကျိုင်းတုံကို ဒကာတွေပင့်လို့ ကြွသွားပါတယ်။ အဲဒီမှာ လီဆူးလူမျိုး၊ အခါလူမျိုး၊ လားဟူလူမျိုးတွေ ဗုဒ္ဓဘာသာထဲ ဝင်ကြတယ်။ ရှင်ပြုရဟန်းခံကြပါတယ်။

ရှမ်းရိုးမတောင်တန်းအမြင့်ကြီးတွေ တောင်ပေါ်ရွာတွေမှာ သာသနာပြုတဲ့ ရဟန်းသံဃာတွေ နေရာအနှံ့မကြွနိုင်ပါဘူး။ ရဟန်းသံဃာတွေ

www.dhammadownload.com



မရောက်နိုင်တဲ့နေရာမျိုးတွေမှာ နေတဲ့သူတွေဟာ ဘုရားတရားတော်တွေကို သိဖို့မလွယ်ပါဘူး။ သူတို့ကို ကိုရင်ဝတ်ပေးချိန်မှာမှ သရဏဂုံအကြောင်း ရှင်းပြ၊ ငါးပါးသီလအကြောင်း ရှင်းပြရပါတယ်။ သူတို့နားလည်အောင် စကားပြန်နဲ့တစ်ဆင့် တရားဟောရပါတယ်။

ဒီအရပ်ဒေသတွေဟာ သာသနာတော်နဲ့ဝေးတဲ့အရပ်ဒေသပါပဲ။ ရဟန်းသံဃာတော်တွေ မရောက်တဲ့ မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမတွေ မရောက်တဲ့ နိုင်ငံရပ်ခြား တိုင်းပြည်တွေဟာလည်း သာသနာနဲ့ဝေးကွာတဲ့အရပ်ဒေသတွေပါပဲ။ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုတွေရှိပေမဲ့ တရားကျင့်တဲ့ အခွင့်ကောင်းတွေ ရှုံးပါတယ်။ ငရဲ တိရစ္ဆာန် ပြိတ္တာဘဝတွေမှာ ဖြစ်ရင်တော့ ဘဝရှုံးတယ်။ သာသနာနဲ့ဝေးကွာတဲ့အရပ်မှာ လူဖြစ်ရင်တော့ လူဖြစ် ရှုံးတယ်လို့ ပြောရမှာပါ။

www.dhammadownload.com

# လိုက်နာမှ နီးစပ်

ဘုရားအဆုံးအမသည် မိမိ အသိဉာဏ်မှာမှ တည်နိုင်တာပါ။ လိုက်နာနေမှသာ နီးစပ်တာပါ။ လေ့လာသင်ယူ မှတ်သားနေမှသာ သာသနာတော်နဲ့ နီးစပ်တာပါ။

တချို့ဆိုရင် သိပ်သနားစရာကောင်းပါတယ်။ အသက် ၇၀၊ ၈၀ ရှိမှ တရားစခန်း ရောက်လာတယ်။ သူတို့အတွက် ပထမဆုံးအကြိမ်ပါတဲ့။ သန်သန်မာမာ၊ ဖျတ်ဖျတ်လတ်လတ်ရှိတဲ့အချိန်မှာ အားထုတ်ရမယ့်တရားကို အသက်ကြီးမှ၊ အိုမင်းမစွမ်းဖြစ်မှ အားထုတ်မယ်ဆိုပြီး ရောက်လာတော့ သူ့မှာ တရားကျင့်ဖို့ကောင်းတဲ့အချိန်ဖြစ်ဖို့ မလွယ်တော့ပါဘူး။

www.dhammadownload.com



ဘုရားအဆုံးအမနဲ့ နီးစပ်တဲ့သူတွေက ငယ်ငယ်ရွယ်ရွယ်နဲ့ ကျင့်ကြ၊ အားထုတ်ကြပါတယ်။ မကျင့်တဲ့သူတွေ အားမထုတ်တဲ့သူတွေက သာသနာတော်နဲ့ ဝေးတယ်လို့ ပြောရမှာပါ။ ဝေးကွာတဲ့အရပ်မှာ နေရလို့ဖြစ်စေ၊ စိတ်ထဲမရောက်လို့ဝေးနေရင်ဖြစ်စေ အခွင့်အရေးကောင်းတွေ လက်လွတ်ကုန်ပါတယ်။

သာသနာဝေးကွာတဲ့ အရပ်ဒေသတွေမှာ လူဖြစ်ရလို့ တရားတော်နဲ့ ဝေးရတာ အပြစ်မဆိုသာပါဘူး။ နီးလျက်နဲ့ မမြင်တာကတော့ ကြောင်တောင်ကန်းလို့ ဆိုရမှာပါ။ အခုလို အမှန်ကို အမှန်တိုင်း ဟောပြောပြသနိုင်မယ့် ဆရာကောင်းသမားကောင်းတွေနဲ့ ဆုံတဲ့အခိုက်မှာ တရားဘက်ကို အားစိုက်ကြဖို့ လိုပါတယ်။

www.dhammadownload.com

# အကျင့်အမျိုးမျိုး

လောကမှာ လူအမျိုးမျိုးက အကျင့်အမျိုးမျိုးကို အားကြိုးမာန်တက် ကျင့်နေကြပါတယ်။ အများက ဒီအကျင့်ကောင်းတယ်ဆိုတာနဲ့ ကိုယ်က လိုက် မကောင်းပါနဲ့။ သူများကောင်းတယ်ဆိုတိုင်း လက် မခံပါနဲ့။ ဘုန်းကြီးတို့မှာ စံထားစရာ ရှိပါတယ်။ စံချိန် စံညွှန်း ရှိပါတယ်။ ဘယ်အကျင့်မဆို သီလ၊ သမာဓိ၊ ပညာ၊ မဂ္ဂင်အကျင့်တွေနဲ့ ချိန်ထိုး ကြည့်လိုက်ပါ။ သီလ၊ သမာဓိ၊ ပညာတွေကို တိုးပွားစေတယ်၊ ဖြစ် စေတယ်ဆိုရင် အကျင့်မှန်လို့ သတ်မှတ်ပါ။ မကိုက် ညီရင် အကျင့်မှား အယူအဆမှားလို့ ဆုံးဖြတ်လိုက် ပါ။

www.dhammadownload.com



အိန္ဒိယမှာ တွေ့ရပါတယ်။ ဂင်္ဂါမြစ် ယမုံနာမြစ်တို့ထဲမှာ ဆင်းပြီး ရေစိမ်ရေချိုးကြပါတယ်။ သူတို့အယူအဆက ဒီမြစ်တွေထဲ ရေစိမ်ရေချိုးလိုက်ရင် ကိလေသာအညစ်အကြေးတွေ ကင်းသွားမယ်၊ ကုန်သွားမယ်လို့ ယုံကြည်မှုနဲ့ ပြုလုပ်ကြတာပါ။ ကိလေသာဆိုတာ ကိုယ်ပေါ်မှာဖြစ်တာ မဟုတ်ပါဘူး။ စိတ်မှာ ဖြစ်တာပါ။ စိတ်မှာဖြစ်နေတဲ့ ကိလေသာတွေကိုရေဆေးလိုက်လို့ရ၊မရစဉ်းစားကြည့်ရင် လွယ်လွယ်လေးနဲ့ သိနိုင်ပါတယ်။

ဒါပေမဲ့သူတို့ကတော့အကောင်းဆုံးအကျင့်လို့ စွဲနေပါတယ်။ ဟိုနိုင်ငံ အဝေးကြီးကနေ တကူးတက နဲ့ လာပြီး ရေလာစိမ်ကြတယ်။ ရေလာချိုးကြပါတယ်။ တစ်ခါတည်း ဂင်္ဂါမြစ်ဆိုတာ နောက်ကျိပြီး ရွံ့ဗွက်ရောင်ထဲမှာ ကြိတ်ကြိတ်တိုးနေကြပါတယ်။ အကျင့်မှန်ဆိုပြီးတော့ ကျင့်ကြတာပါ။ လက်ခံယုံကြည်တာပါ။

ဘုရားလက်ထက်တုန်းကလည်း ရှိပါတယ်။ တချို့က နွားအကျင့် ကျင့်တယ်။ ခွေးအကျင့် ကျင့်ပါတယ်။ နွားတွေဟာ ကိလေသာတွေ နည်းတယ်။ ဘာတွေမှလည်း မလိုချင်ဘူး။ မြက်ကလေးစားပြီး

www.dhammadownload.com



တင်းတိမ်တယ်လို့ နွားတွေအားကျပြီးတော့တချို့က နွားနဲ့တူအောင်နေတယ်။ နွားလိုပဲစားတယ်။ နွားလိုပဲ အိပ်တယ်။ သွားတော့လည်းပဲ လေးဘက်ထောက်ပြီးတော့ နွားလိုပဲ သွားပါတယ်။ ခေါင်းမှာလည်း ချိုအတုလေးနှစ်ခုတပ်ထားတယ်။ ခါးမှာလည်းပဲ ကြိုးချည်ပြီးတော့ အမြီးလေးလို တွဲလောင်းချထားတယ်။ နွားနဲ့တူနိုင်သလောက် တူအောင်နေထိုင်ကျင့်ကြံတာပါ။ တချို့ကလည်း ခွေးအကျင့်ကျင့်ပါတယ်။ ခွေးလိုပဲ အိပ်တယ်၊ ခွေးလို စားတယ်၊ ခွေးနဲ့တူအောင် နေပါတယ်။ သူတို့နှစ်ယောက် ဘုရားရှင်ထံ ရောက်လာပြီးတော့ မေးကြပါတယ်။

"ရဟန်းဂေါတမ ကျွန်ုပ်တို့ အကျင့်မှန်ပါသလား၊ ကောင်းပါသလား" ဆိုတော့ ဘုရားရှင်က ပြတ်ပြတ်သားသား အမိန့်ရှိပါတယ်။ နွားကျင့်ခွေးကျင့် ကျင့်တဲ့သူတွေ သေရင် ငရဲကျမယ်လို့ မိန့်ကြားပါတယ်။ နွားလို ကျင့်ရတာလည်း မလွယ်ပါဘူး။ ခွေးလိုကျင့်ရတာလည်း မလွယ်ပါဘူး။ ပြာပုံပေါ် ထိုးအိပ်၊ ထမင်းလုံးတွေ ကျဲထားပြီးတော့ ပါးစပ်နဲ့ဟပ်၊ တစ်လုံးစီ တစ်လုံးစီ လိုက်ကောက်စား၊ တော်ရုံလူအနေနဲ့ ကျင့်ဖို့မလွယ်ပါဘူး။ တကယ့်ကို ခက်ခက်

www.dhammadownload.com



ခဲခဲ ပင်ပင်ပန်းပန်း ကျင့်ပြီးတော့ သေလို့ရှိရင် ငရဲကျမယ့် အကျိုးရလဒ်ဟာ မကောင်းပါဘူး။

ဒါတင် မကသေးပါဘူး။ ငရဲဘဝက လွတ်လာရင်တောင် နွားနဲ့တူအောင် ကျင့်တဲ့သူက နွားဖြစ်ဦးမယ်။ ခွေးနဲ့တူအောင် ကျင့်တဲ့သူက ခွေးဖြစ်ဦးမယ်လို့ ဘုရားရှင်က ဟောကြားပါတယ်။ အယူအကျင့်တစ်ခုဟာ မှားယွင်းသွားရင် အများကြီး နစ်နာပါတယ်။ မှန်တဲ့အကျင့်မှာကျင့်ရင် ကျင့်သလောက်အကျိုးရသလို မှားတဲ့အကျင့်မှာလည်း ကျင့်ရင်ကျင့်သလောက် ဒုက္ခရောက်ရပါတယ်။

www.dhammadownload.com

# နောင်ကြုံဖို့ခဲယဉ်း

လက်ရှိရောက်နေတဲ့ ဘဝအနေအထားကို ပြန်အကဲခတ်လိုက်ရင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသညသတ် ဗြဟ္မာဘဝကလည်း လွတ်နေကြပါတယ်။ သာသနာတော်နဲ့လည်း နီးစပ်နေပါတယ်။ မိစ္ဆာအယူဝါဒတွေကိုလည်း သဘောပေါက်နားလည် ရှောင်ရှားကာ မှန်ကန်တဲ့အယူဝါဒ မဂ္ဂင်အကျင့်တွေလည်း ကျင့်နိုင်ပါတယ်။ အင်္ဂါ ခြေလက်တွေလည်း ပြည့်ပြည့်စုံစုံ ဉာဏ်ရည်ဉာဏ်သွေးတွေ ပြည့်မီပြီးတော့ နေပါတယ်။ ဘုရားမြတ်စွာရဲ့ အဆုံးအမ သာသနာလည်း တည်နေသေးတယ်။ ရှိနေသေးတယ်။ ဒီလောက်ကောင်းတဲ့ အချိန်မျိုး နောက်တစ်ခါရဖို့ နောက်ထပ်ကြုံဖို့ ခဲယဉ်းပါလိမ့်မယ်။

www.dhammadownload.com



တရားကျင့်ဖို့ အကောင်းဆုံးအချိန်ဟာ ဘယ်အချိန်လဲလို့ ပြောရမယ်ဆိုရင် အခုလက်ရှိရောက်နေတဲ့ ဘဝအချိန်ပါ။ လက်ရှိအချိန်က အကောင်းဆုံးပါ။

နောက်မှ ကျင့်မယ်၊ နောင်မှ ကျင့်မယ်ဆိုပြီးတော့ မကျင့်ဖြစ်ဘဲနဲ့ သေသွားတဲ့သူတွေ အများကြီးပါ။ ကောင်းမှန်းတော့ သိပါတယ်။ ဒါပေမဲ့ တို့မအားသေးဘူး၊ ကိစ္စတွေ ရှိသေးတယ်။ သားရေး၊ သမီးရေး၊ စီးပွားရေး၊ လူမှုရေး ကိစ္စအဝဝတွေ အကြောင်းအမျိုးမျိုးပြပြီးတော့ တချို့ ဒီဘဝက သေသာ သေသွားကြတယ်။ တရားလည်း ဘာမှ မကျင့်လိုက်ရပါဘူး။

လူဖြစ်လာပြီး အသက်တွေရှည် တစ်ဘဝလုံးနေကြရပေမဲ့ ဖြစ်ဖြစ်မြောက်မြောက် အောင်အောင်မြင်မြင် တရားဓမ္မ မကျင့်သုံးလိုက်ရဘူးဆိုရင် အခွင့်ကောင်းရရဲ့သားနဲ့ အခွင့်ကောင်းတွေ အရှုံးခံလိုက်တာနဲ့ တူပါတယ်။

ကိုယ့်မှာ လက်ရှိအနေအထားအရ ကျန်းမာရေးက ကောင်းနေပါသေးတယ်။ စားဝတ်နေရေးလည်း ပြည့်စုံနေပါသေးတယ်။ အိုခြင်း၊ နာခြင်း၊ သေခြင်း တရားတွေကလည်း သိသိသာသာ မနှိပ်စက်သေးပါဘူး။

www.dhammadownload.com



အိုတော့ အိုနေတာပါ။ ဒါပေမဲ့လို့ ကျင့်မယ် ဆိုရင် ကျင့်လို့ ရသေးတယ်။ နာတော့ နာနေတာပါ။ အနာတွေကို သည်းခံပြီးတော့ ကျင့်မယ်ဆိုရင် ကျင့် နိုင်သေးတယ်။ သေတော့ သေရမှာပါ။ ဒါပေမဲ့ ... အသက်ရှင် နေလို့ တရားကျင့်နိုင်ပါသေးတယ်။

ဘဝရဲ့ အကောင်းဆုံးအနေအထားနဲ့ အပြည့် အစုံ တွေ့ကြုံနေတယ်လို့ နားလည်သဘောပေါက် ပြီးတော့ တတ်နိုင်သမျှ ကြိုးစားပမ်းစားနဲ့ ကျင့်ကြံဖို့ လိုတယ်။ အားထုတ်ဖို့ လိုအပ်ပါတယ်လို့ နှလုံးသွင်း ကာ ဒီအကျင့် မြတ်ဖြစ်တဲ့ တရားဓမ္မတွေကို ကျင့်ကြံ ပွားများ အားထုတ်နိုင်ကြသဖြင့် ဒုက္ခခပ်သိမ်း ငြိမ်း ရာအမှန် မြတ်နိဗ္ဗာန်ကို လျင်မြန်စွာ လွယ်ကူစွာနဲ့ မျက်မှောက်ပြုနိုင်ပါစေသတည်း။

www.dhammadownload.com

# တရားကျင့်သူတစ်ယောက်

လွန်ခဲ့သော တစ်လလောက်က ဘုန်းကြီးနဲ့ ခင်မင်ရင်းနှီးတဲ့ ဒကာမကြီး တစ်ယောက်ပေါ့။ သူ့အစ်ကိုနေမကောင်းလို့ဆိုပြီးရန်ကုန်ကနေမန္တလေးဘက်ကိုသွားပါတယ်။အစ်ကိုကဆေးရုံတက်နေလို့ လူနာသွားကြည့်တယ်။ ကားမောင်းသွားတဲ့သူက သူ့သားပါ။ သားအမိနှစ်ယောက်နဲ့ အဖော်တစ်ယောက်ပဲ ကားပေါ်ပါ.ပါတယ်။

ညကြီးမင်းကြီး အရေးတကြီးနဲ့ မောင်းထွက်သွားကြတာ။ ရမည်းသင်းလောက် ရောက်တဲ့အချိန်ကျတော့ အိပ်ငိုက်တဲ့အချိန် ရောက်နေပြီ။ ညဥ့်သန်းခေါင်ကျော် တစ်နာရီ၊ နှစ်နာရီလောက်ဆိုတော့ နည်းနည်းငိုက်လာကြတယ်။ အဲဒီမှာ သားဖြစ်တဲ့

www.dhammadownload.com



သူကအိပ်ငိုက်ပြီးကားလမ်းဘေးနည်းနည်းဆွဲဆင်း သွားတော့ အမေလုပ်တဲ့သူက သတိပေးတယ်။ "ငါ့သား ကား လမ်းဘေးဆွဲနေပြီနော်"လို့ ဆိုရော အိပ်ငိုက်ရာက သတိရပြီး ကြောက်အားလန့်အားနဲ့ ဘရိတ်နင်းလိုက်တာ ကားက ချာလပတ်လည်သွား တယ်။ ထိန်းလို့မရတော့ဘူး။

သားအမိနှစ်ယောက် ကားကို ထိန်းလို့မရနိုင် တော့ဘဲလမ်းဘေးမှာရှိတဲ့သစ်ပင်တစ်ပင်နဲ့တိုက်မိ တာ။ ကားတစ်စီးလုံး ကြေမွသွားပါတယ်။ ကားထဲ မှာပါတဲ့ ဒကာမကြီးရဲ့ လက်မောင်းနှစ်ဖက် ဘယ် ရောညာရော ကျိုးသွားတယ်။ ကားခေါင်းတစ်ခုလုံး ကြေမွသွားတာဘေးကကြည့်ရင်ကားထဲကရှိတဲ့သူ အသက်ရှင်စရာမရှိဘူးလို့ထင်စရာပေါ့။ဒါပေမဲ့ကား ဒက်ရှ်ဘုတ်က လေအိတ်ထွက်လာပြီး ခံထားလို့ ရင်ဘတ်တွေ ခေါင်းတွေ ဘာမှမထိခိုက်ဘူး။ ဒါပေမဲ့ အရိုးကျိုးတာကို ဆေးရုံပေါ်မှာ အတော် ကုလိုက်ရတယ်။

တစ်နေ့က ဘုန်းကြီး ရန်ကုန်တရားပွဲ သွား တော့ ဒကာမကြီးနဲ့ဆုံလို့ အကျိုးအကြောင်း မေး ကြည့်တယ်။ အဲဒီတော့ သူက "အရှင်ဘုရားတဲ့၊

www.dhammadownload.com



တရားက အင်မတန်မှ စောင့်ရှောက်တယ် ဘုရား" လို့ လျှောက်ပါတယ်။

တပည့်တော်မ ကားအက်ဆီးဒင့်ဖြစ်တဲ့ အချိန်က ကားနဲ့သစ်ပင် တိုက်မိပြီးတာနဲ့ တပည့်တော်မ သတိလစ်သွားပါတယ်။ ကိုယ်ပေါ်မှာ နာသွားမှန်း လည်း သိလိုက်ပါတယ်။

ဒါပေမဲ့ မကြာပါဘူး။ တပည့်တော်မ ပြန်လည်း သတိရရော တခြားဘာမှမတွေးမိဘဲ ကျားစားခံရ တဲ့ ရဟန်းတစ်ပါး တရားကျင့်တဲ့အကြောင်း တပည့် တော်မ ခေါင်းထဲကို ရောက်ပါတယ်။ အဲဒီအချိန်မှာ တပည့်တော်မ လက်နှစ်ဖက် ကျိုးနေပြီထင်တယ် ဘုရား" တဲ့။

ကျားစားခံရတဲ့ ရဟန်းတော်အကြောင်း ဘုန်း ကြီးတို့ပရိသတ် တရားတစ်ပုဒ် ကြားဖူးပါလိမ့်မယ်။ တရားဓမ္မ အားထုတ်ကျင့်ကြံနေတဲ့ ရဟန်းတော် တစ်ပါး တောထဲတောင်ထဲ တရားကျင့်ရင်းနဲ့ ကျား စားခံရတယ်။ အဲဒီမှာ ဖြစ်ပေါ်နေတဲ့ဝေဒနာ ဆင်းရဲ ဒုက္ခကို ဖယ်ခွာပြီးတော့ ရှုမှတ်တယ်။

ဟိုခြေဖဝါးကနေပြီးတော့ အသားတွေကို ကျားက စားလာလိုက်တာ ပေါင်ရင်းလောက်

www.dhammadownload.com



ရောက်တယ်။ ကျားစားလို့ဒီရဟန်းတော်ရဲ့ပေါင်ရင်းလောက် ရောက်လာတဲ့အချိန် ရဟန်းတော် တရားအားထုတ်လိုက်တာ အသက်လည်း ဆုံးတဲ့အချိန်၊ တရားလည်းရတဲ့အချိန်ပေါ့။ တစ်ပြိုင်တည်းရဟန္တာလည်းဖြစ်၊ ပရိနိဗ္ဗာန်လည်း စံသွားတယ်လို့ ကြားဖူးထားကြမှာပါ။

"အဲဒီရဟန်းအကြောင်းတဲ့။ တပည့်တော်ခေါင်းထဲရောက်တယ်ဘုရား။ ဒီတော့ တပည့်တော်အားထုတ်တဲ့တရားကို ပြန်နှလုံးသွင်းပါတယ်"တဲ့။ ဘုန်းကြီးတို့ပရိသတ် အားထုတ်ထားတဲ့ တရားကိုနှလုံးသွင်းတယ်လို့ပြောတာကို သတိထားကြည့်နော်။ တကယ်လို့သာ အားထုတ်မထားဘူးဆိုလို့ရှိရင် ဘုန်းကြီးတို့ပရိသတ် နှလုံးသွင်းစရာ မရှိတာသေချာပါတယ်။ ဘာတရားမှလည်းပဲ မလုပ်ထားဘူး။ တရားလည်း အားမထုတ်သေးဘူးဆိုတဲ့သူမှာအရေးကြုံချိန် နှလုံးသွင်းစရာ မရှိနိုင်ပါဘူး။

www.dhammadownload.com

# ငရဲဘဝ ရောက်နေက

ဘုရားမြတ်စွာက တရားအားထုတ်ဖို့ မဖြစ်နိုင်တဲ့ အခြေအနေ၊ အခွင့်အရေးကောင်း ဆုံးရှုံးရတဲ့ ဘဝအခြေအနေတစ်ခုကို ဖော်ထုတ်ပြတော်မူပါတယ်။ ငရဲဘဝကို ရောက်နေတာကို ဆိုလိုပါတယ်။

အကုသိုလ် ဒုစရိုက်မှုတွေပြုလို့ သေပြီးတဲ့နောက် ငရဲဘဝရောက်နေရတဲ့ သူတွေကလည်း သက်ရှိသတ္တဝါတွေပါ။ လူတွေ နတ်တွေ ဗြဟ္မာတွေ ဆိုတာကလည်း သက်ရှိသတ္တဝါတွေပါ။ သက်ရှိသတ္တဝါချင်းအတူတူ ငရဲဘဝကို ရောက်နေတယ်ဆိုရင် တရားကျင့်နိုင်တဲ့ အခွင့်ကောင်းတွေ ဆုံးရှုံးသွားတယ်လို့ မိန့်တော်မူတာပါ။

www.dhammadownload.com



ဒါကို သိစေချင်လို့ အမရပူရ တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီး သီတင်းသုံးတဲ့ ကျောင်းလေးရဲ့ အပေါက်ဝမှာ "နောက်ဘဝဆိုတာ ရှိတယ်၊ ငရဲဆိုတာ ရှိတယ်" လို့ သတိပေးစာတမ်း ရေးသားထားခဲ့ပါတယ်။

ဘုန်းကြီးတို့ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်ကိုးပါးမှာ လောကဝိဒူဂုဏ်တော်လည်း တစ်ပါးပါဝင်ပါတယ်။ လောကဝိဒူဆိုတဲ့ အဓိပ္ပာယ်က လောကသုံးပါးကို သိမြင်တော်မူတဲ့မြတ်စွာဘုရားလို့ ဆိုလိုပါတယ်။ သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကဆိုတဲ့ လောကသုံးမျိုးအကြောင်းကို နှံ့စပ်ကုန်စင်အောင် သိမြင်တော်မူတာပါ။

သတ္တလောကဆိုတာ သတ္တဝါများပါ။ သတ္တဝါလို့ဆိုတဲ့အထဲမှာ လူလည်းပါတယ်။ တိရစ္ဆာန်လည်းပါတယ်။ ပြိတ္တာတွေလည်း ပါတယ်။ နတ်လည်းပါတယ်။ ငရဲ တိရစ္ဆာန် ပြိတ္တာဘဝ ရောက်နေကြတဲ့သူတွေလည်း ပါတယ်။ သက်ရှိသတ္တဝါအားလုံးကို သတ္တလောကလို့ ခေါ်ပါတယ်။

သက်ရှိသတ္တဝါတွေ မှီတင်းနေထိုင်ကြတဲ့ နေရာဌာနဖြစ်တဲ့ အနန္တစကြဝဠာ သုံးဆယ့်တစ်ဘုံ

www.dhammadownload.com



ဟာ ဩကာသလောက ကပါ။ လူသားတွေနဲ့ တိရစ္ဆာန်တွေ နေထိုင်ကြတဲ့ ကမ္ဘာမြေသည် စကြဝဠာထဲမှာ အကျုံးဝင်တော့ ကမ္ဘာကြီးတစ်ခုလုံးဟာ ဩကာသလောကထဲမှာပါဝင်ပါတယ်။ငရဲသားတွေ ပြိတ္တာတွေ နေထိုင်ကြတဲ့ ဘုံဌာနနေရာတွေလည်း ဒီစကြဝဠာထဲမှာ အကျုံးဝင်တော့ ဩကာသလောကပါပဲ။

နောက်တစ်မျိုးဖြစ်တဲ့ သင်္ခါရလောကဆိုတာက သတ္တဝါတွေမှာရှိတဲ့ ရုပ်နာမ်တွေရဲ့ဖြစ်ခြင်း ပျက်ခြင်း သဘောတရားတွေပါ။ သက်ရှိသတ္တဝါတွေ ရရှိထားတဲ့ ရုပ်နာမ်တွေဟာ မပြောင်းမလဲ တည်မြဲမနေပါဘူး။ ဖြစ်လိုက်ပျက်လိုက်နဲ့ အဆက်မပြတ် လည်ပတ်နေတော့ အဲဒီဖြစ်ခြင်း ပျက်ခြင်း သဘောတရားတွေကို လောကတစ်ခုအနေနဲ့ ပြောရင် သင်္ခါရလောကလို့ ဆိုရတာပါ။

ဘုရားရှင်ဟာ လောကသုံးပါးကို အကုန်အစင် နှံ့စပ်အောင် သိတော်မူတဲ့အတွက် သတ္တဝါတွေရဲ့ အကြောင်းတွေကိုလည်း အကုန်အစဥ် သိပါတယ်။ သုံးဆယ်တစ်ဘုံအတွင်းမှာ သတ္တဝါတွေ နေပုံထိုင်ပုံတွေ ကုန်းမှာနေတာ ရေမှာနေတာ လေထုထဲ

www.dhammadownload.com



နေတာတွေ အမျိုးမျိုးအဖုံဖုံ ဖြစ်နေပျက်နေတာတွေ အားလုံးကို သဗ္ဗညုတဉာဏ်တော်နဲ့ သိမြင်ပါတယ်။ လောကဝိဒူ ဂုဏ်တော်နဲ့ ပြည့်စုံတဲ့ ဘုရားရှင်က ဆင်ခြင်ကြည့်လိုက်ချိန်မှာ လူသားတွေနဲ့ ငရဲသားများရဲ့ကွာဟချက်တွေ တွေ့လာပါတယ်။

လူသားတွေမှာဆိုရင် တရားဓမ္မ ကျင့်နိုင်တဲ့ အခွင့်ကောင်းရှိတယ်။ ငရဲသားတွေက အမြဲ ဆင်းရဲဒုက္ခ နှိပ်စက်ခံနေရတယ်။ အချိန်နဲ့အမျှ ဆင်းရဲနေရတယ်။ အချိန်တိုင်းမှာ ကိုယ်ရော စိတ်ရော ဆင်းရဲပင်ပန်းနေတဲ့ ဘဝဆိုးနဲ့ နေရချိန်မျိုးမှာ တရားကျင့်ပါဆို မကျင့်နိုင်ပါဘူး။ တရားကျင့်ရဦးမယ်ဆိုတဲ့ စိတ်ကူးမျိုးတောင် ပေါ်ဖို့ မဖြစ်နိုင်ပါဘူး။

www.dhammadownload.com

# လူ့ဘဝကို အမွှမ်းတင်

မနုဿတ္တဘာဝေါ ဒုလ္လဘောဆိုတာ လူ့အဖြစ်ကို ရခဲတယ်လို့ ဘုရားဟော ရှိပါတယ်။ ရှားပါးတယ်။ ရခဲတယ်ဆိုတာ တန်ဖိုးကြီးလို့ပါ။ "ဘုံတကာ့ဘုံဌာနတွေထဲမှာ လူ့ဘုံက ဘာလို့တန်ဖိုးကြီးရတာလဲ။ သက်တမ်းရှည်ပြီး တန်ခိုးကြီး နတ်ဘုံ ဗြဟ္မာ့ဘုံတွေက ဘုန်းတန်ခိုးတန်ဖိုး ပိုမကြီးဘူးလား" လို့ မေးစရာရှိပါတယ်။ ဟုတ်ပါတယ်။ တန်ဖိုးဆိုတာကို မြတ်ဗုဒ္ဓက အရာရာမှာ ကုသိုလ်နဲ့ပဲ တိုင်းတာပါတယ်။ ကုသိုလ်ကောင်းမှု များများပြုခွင့်ရတဲ့ဘုံကမှ တန်ဖိုးအကြီးဆုံး ဘုံဌာနပါ။ ကုသိုလ်တွေ ပြုချင်တိုင်း လွယ်လွယ်ပြုလို့ရတဲ့ဘဝမို့ လူ့ဘဝကို အမွှမ်းတင်တာပါ။

www.dhammadownload.com



အခု ဘုန်းကြီးတို့ပရိသတ် ငရဲဘဝကနေ လွတ်မြောက်နေပါတယ်။ ငရဲဘဝဆိုတာ သူရော ကိုယ်ပါ ဘယ်သူမဆို တစ်ခဏချင်း ရောက်သွားနိုင်တဲ့ဘဝပါ။ ရှေးကလည်း ရောက်ဖူးခဲ့ကြမှာပါပဲ။

သံသရာတစ်ခွင် ပြေးလွှားကျင်လည်တဲ့သူ မှန်သမျှ (၃၁) ဘုံထဲမှာ ဟိုထိပ်ဆုံးက အနာဂါမ် ပြဟ္မာကြီးတွေသာ နေကြတဲ့ သုဒ္ဓါဝါသဘုံကလွဲပြီး တော့ မရောက်ဖူး မဖြစ်ဖူးတဲ့ ဘုံဘဝဆိုတာ မရှိပါ ဘူး။

သတ္တဝါမှန်သမျှ လူလည်းပဲ ဖြစ်ဖူးပါတယ်။ နတ်လည်းပဲ ဖြစ်ဖူးပါတယ်။ ဗြဟ္မာလည်း ဖြစ်ဖူး ပါတယ်။ ငရဲလည်း ကျဖူးပါတယ်။ တိရစ္ဆာန်လည်း ဖြစ်ဖူးပါတယ်။ ပြိတ္တာလည်း ဖြစ်ဖူးပါတယ်။ ဘဝ ဇာတ်ခုံပေါ်မှာ ဘဝတွေစုံအောင် အမျိုးမျိုး သရုပ် ဆောင်ဖူးကြပါတယ်။

သံသရာတစ်ခွင် ကျင်လည်စဉ် ငရဲဘုံဘဝကို ရောက်နေတယ်ဆိုရင် အခွင့်ကောင်းနဲ့ လွဲချော်ရတဲ့ အချိန်ပါပဲ။ တရားအားထုတ်ရမယ့် အချိန်ကောင်း ကို လက်လွတ်ဆုံးရှုံးပြီး အခွင့်ကောင်းနဲ့ လွဲချော် နေရပါတယ်။ အဲဒီတော့ ကိုယ့်ကိုယ်ကိုယ် ပြန်စဉ်း

www.dhammadownload.com



စားဆင်ခြင်ရမှာပါ။ "အခု ငါ တရားအားထုတ်ဖို့ ကောင်းတဲ့အချိန်နဲ့ ကြုံနေတယ်။ ငါ ကံကောင်း ထောက်မလို့ငရဲဘဝက လွတ်နေတယ်"လို့ဆင်ခြင် ရမှာပါ။

ကိုယ်ပြုထားခဲ့တဲ့ ကုသိုလ်အကြောင်းကံလေး က အထောက်အပံ့ရှိနေတော့ ကောင်းတဲ့သုဂတိဘုံ လူ့ဘဝကို ခဏရောက်နေကြတာပါ။ ရခဲတဲ့ လူ့ဘုံ လူ့ဌာန လူ့ဘဝမှာလည်း မသေမပျောက် အမြဲတမ်း နေနိုင်တာမျိုး မဟုတ်တဲ့အတွက် ဒီဘဝကနေ သေပြီးရင် ဘယ်ဘဝရောက်မယ်လို့ ဘုန်းကြီးတို့ ပရိသတ် မသိပါဘူး။ ဘယ်အချိန် ဘယ်ကာလကျမှ လူ့ဘဝကို ထပ်ရဦးမယ်လို့ အတိအကျပြောလို့ မရ ပါဘူး။ သေပြီးရင် လူပြန်ဖြစ်လိမ့်မယ်လို့ ဘယ်သူ ကမှ အာမ မခံနိုင်ပါဘူး။ သေချာတာကတော့ ကိုယ့်ရဲ့ကောင်းမှုတွေနဲ့ ကိုယ့်ရဲ့ဘဝကောင်းကို တည်ဆောက်နိုင်ဖို့ပဲ ဖြစ်ပါတယ်။

www.dhammadownload.com

# တစ်ချက်လွဲသွားရင်

မြတ်စွာဘုရားလောင်းနဲ့ ဒေဝဒတ်လောင်းတို့ အတူဆုံခဲ့ကြတဲ့ဘဝတစ်ခု ရှိခဲ့ပါတယ်။ နှစ်ဦးစလုံးဟာ တိုက်တိုက်ဆိုင်ဆိုင် ရွဲကုန်သည် ဖြစ်နေကြတာပါ။

သူတို့နှစ်ဦးဟာ ကိုယ့်လမ်းကြောင်းနဲ့ကိုယ် ရွဲလုံးတွေ ရောင်းချသွားလာကြရင်း မြို့တစ်မြို့အဝင်မှာ မျက်နှာချင်းဆိုင် တွေ့ဆုံကြပါတယ်။ မြို့ထဲမှာ နှစ်ယောက်ပြိုင်သွားလို့တော့ မဖြစ်ဘူး။ တစ်ယောက်တစ်လှည့်စီ ရောင်းကြမယ်လို့ သဘောတူညီမှုရပြီး ဒေဝဒတ်လောင်းက ရှေ့က အရင်ဝင်ရောက် ရောင်းချပါတယ်။ မြို့ထဲကို ဝင်အသွား လမ်းဘေးတဲအိမ်ငယ်က စီးပွားပျက်လို့ ဆင်းရဲနေ

www.dhammadownload.com



ရှာတဲ့ သူဌေးဟောင်းက သူ့မြေးအတွက် ဈေးတက် ပိန်လိန်နေတဲ့ခွက်နဲ့ ရွှဲအနည်းငယ် လဲလှယ်ပေးဖို့ တောင်းပန်ပြောဆိုပါတယ်။

အမှန်က တစ်သိန်းတန်ရွှေခွက် ဈေးတက်နေ တာပါ။ ကိုင်တွယ်စမ်းသပ်ကြည့်တော့ ရွှေခွက်မှန်း ဒေဝဒတ်လောင်းကုန်သည် သိသွားပါတယ်။ ပိုင် ရှင်တွေကတော့ မသိရှာကြပါဘူး။ သူတို့စိတ်ထဲ တစ်ပြားနှစ်ပြားလောက်သာ တန်မယ်ထင်လို့ ရွှဲလုံး နည်းနည်းရရင် တော်ပါပြီလို့ တောင်းတောင်းပန်ပန် ပြောနေကြတာပါ။လောဘကြီးတဲ့ဒေဝဒတ်လောင်း ဟာ တန်ဖိုးမှန်ကို မပြောပါဘူး။ အလကားနီးပါး ရအောင် "ဘာမျှ မတန်ဘူး၊ ဘာမျှ မပေးနိုင်ဘူး" လို့ ပြောဆိုပြီး ရှေ့ဆက် ထွက်သွားပါတယ်။ သူ့အကြံက နောက်မှ ရွှဲတစ်လုံး နှစ်လုံးလောက်ပေးပြီး အချောင် နှိုက်ယူဖို့ပါ။

ဘုန်းကြီးတို့ဘုရားလောင်း ရွှဲကုန်သည် အလှည့် အိမ်ရှေ့ရောက်တော့ ခုနကလိုပဲ ပြောကြ ပြန်ပါတယ်။ ဘုရားလောင်းဟာ ကြည့်လိုက်တာနဲ့ ခွက်ရဲ့တန်ဖိုးမှန်ကို သိနားလည်ပါတယ်။ တစ်သိန်း တန်ရွှေခွက်မို့ ပြန်အမ်းစရာ သူ့မှာ မလုံလောက်ပါ

www.dhammadownload.com



ဘူးလို့ ရိုးရိုးသားသား ပြန်ပြောပါတယ်။ ပိုင်ရှင်တွေ ကလည်း ရှိသလောက်သာ ပေးပါလို့ ကျေကျေနပ် နပ်နဲ့ ရောင်းချလဲလှယ်လိုက်ပါတယ်။ လောဘကြီး တဲ့ ရွဲကုန်သည် အချောင်ယူဖို့ တစ်ခေါက်ပြန်လှည့် လာချိန်မှာ ရွှေခွက်မရှိတော့ပါဘူး။ အလကားနီးပါး ရမယ့် ရွှေခွက် လက်လွတ်ဆုံးရှုံးသွားပါပြီ။ ဘုရား လောင်းလက်ထဲ ပါသွားပြီလို့ သိရချိန်မှာ မခံမရပ် နိုင်အောင် ခံစားရပါတယ်။ လိုချင်တဲ့လောဘနဲ့ မရလိုက်လို့ဖြစ်တဲ့ ဒေါသတို့ ပူးပေါင်းနိုပ်စက်လိုက် တာ ရူးသွပ်ပေါက်ကွဲ သေပွဲဝင်ရပါတယ်။

ဘုန်းကြီးတို့ပရိသတ် သတိထားရမှာက ဓမ္မနဲ့ အဓမ္မ အားပြိုင်မှုကိုပါ။ ဖြူစင်ရိုးသားတဲ့ ဘုရား လောင်းဟာ ကောက်ကျစ်စဉ်းလဲတဲ့ ဒေဝဒတ် လောင်းကို တရားသဖြင့် အနိုင်ရလိုက်တာပါ။ ဒေဝဒတ်လောင်းဟာ အဲဒီဘဝကစပြီး ဘုရား လောင်းကို ရန်ငြိုးထားပါတယ်။ ဘဝတစ်ကွေ့မှာ တစ်ချက်လေးဖြစ်သွားတဲ့ အကုသိုလ်စိတ်ဟာ သံသရာလမ်းတစ်လျှောက် လိုက်ပါသွားပါတယ်။ ဘဝပေါင်းများစွာမှာ ဒေဝဒတ်လောင်းဟာ ဘုရား လောင်းကို ရန်ပြုနှောင့်ယှက်ခဲ့ပါတယ်။ ဒုက္ခမျိုးစုံ

www.dhammadownload.com



ပေးခဲ့ပါတယ်။ဒါနဲ့တင်အားမရသေးလို့ဘုရားဖြစ်ပြီး သွားချိန်မှာတောင် သေကြောင်းကြံစည်တဲ့အထိ ယုတ်မာ ပက်စက်ခဲ့ပါတယ်။ အကျိုးရလဒ်ကတော့ အရှင်လတ်လတ် မြေမျိုသွားတာပါပဲ။ ခုချိန်ထိ ငရဲမှာ ပြစ်ဒဏ်တွေ ပေးဆပ်နေရပါတယ်။

ဒါကြောင့် အချိန်ကောင်းနဲ့ ကြုံဆုံချိန်မှာ မလွဲချော်သင့်ပါဘူး။ တစ်ချက်ချော်သွားရင် တစ်သံသရာလုံး ဒုက္ခရောက်တတ်တာမို့ အမှားအမှန် ဝေဖန်စိစစ်ပြီး ပြုသင့်တာကိုပြု၊ ရှောင်သင့်တာကို ရှောင်ရမှာပါ။

www.dhammadownload.com

# တိရစ္ဆာန်ဘဝ ရောက်ပြန်က

ကိုယ့်မျက်စိအောက်မှာ မြင်နေရတဲ့ တိရစ္ဆာန်လေးတွေကို ကြည့်လိုက်မယ်ဆိုရင် တိရစ္ဆာန်လေးတွေဟာ အသိဉာဏ် မပြည့်စုံရှာပါဘူး။ စားဖို့ရယ် အိပ်ဖို့ရယ် ပျော်ဖို့ရယ်ပဲ သိပါတယ်။ သူတို့ သွားနေတဲ့လမ်းဟာ မဂ်ဖိုလ်နိဗ္ဗာန်နဲ့ ဗီလာကန့်လန့်သာ ဖြစ်ပါတယ်။

တိရစ္ဆာန်တွေရဲ့ အသိဉာဏ်ထဲမှာ အိပ်၊ စား၊ အပျော်သုံးခုပဲ ရှိပါတယ်။ ဒီအတိုင်းအတာထက် ကျော်လွန်ပြီး စဉ်းစားတွေးတော ဆင်ခြင်နိုင်တဲ့ အသိဉာဏ်ဆိုတာ မရှိရှာကြပါဘူး။ သူတို့ဘဝ သက်တမ်းတစ်လျှောက်လုံးမှာ ဒီသုံးခုနဲ့ပဲ အချိန်ကုန်ပြီးဆုံးသွားပါတယ်။ တစ်ကောင်နဲ့တစ်ကောင်

www.dhammadownload.com



ကြီးနိုင်ငယ်ညှဉ်း သတ်ကြ ဖြတ်ကြ စားသောက်ကြပြီး တစ်ဘဝတာ ပြီးဆုံးသွားကြပါတယ်။ ဗြဟ္မစရိယဆိုတဲ့ မြတ်သောအကျင့်ကို ကျင့်မယ်ဆိုတဲ့ စိတ်ထားမျိုး မပေါ်နိုင်ပါဘူး။

ဘုန်းကြီးတို့ ရှေးတုန်းက ဘုရားလောင်း အစရှိတဲ့ သူတော်ကောင်းကြီးတွေဟာ ပါရမီဖြည့်စဉ် တိရစ္ဆာန်ဘဝ ရောက်နေချိန်မှာတောင် ဒါန သီလ အစရှိတဲ့ ကုသိုလ်ကောင်းမှုတွေပြုတာ တွေ့ရပါတယ်။ ဒါပေမဲ့ ဘာဝနာကောင်းမှုကိုတော့ မပြုနိုင်ကြပါဘူး။ ဘာဝနာကောင်းမှု ပြုလုပ်အားထုတ်နိုင် ဘာဝနာဉာဏ်စွမ်းတွေ ပေါ်ထွက်လာနိုင်တဲ့ အထိတော့ ဉာဏ်မမီကြပါဘူး။

ဘုန်းကြီးတို့ပရိသတ် ကျင့်ကြံအားထုတ်နေကြတဲ့ တရားဓမ္မဟာ နတ်ဗြဟ္မာမဖြစ်ရင်တောင် အနိမ့်ဆုံးလူသားတစ်ယောက်ဖြစ်နေပါမှ လူ့ဘဝကို ရောက်နေပါမှ သိနိုင်ရနိုင်တဲ့ တရားမျိုးပါ။

⁂

www.dhammadownload.com

# ဘာဝနာဆိုသည်မှာ

ဘာဝနာဆိုတဲ့ စကားလုံးအဓိပ္ပာယ်က ကြီးကျယ်မြင့်မြတ်ခြင်းကို ဖြစ်စေတဲ့ သဘောပါ။ အဖန်ဖန် အထပ်ထပ် ပွားများခြင်း၊ အားထုတ်ခြင်း၊ ကြိုးစားခြင်းတို့ကြောင့် စိတ်နေစိတ်ထားတွေ ကြီးကျယ်မြင့်မြတ်လာတဲ့ အလုပ်ဟာ ဘာဝနာပါ။ ပုထုဇဉ်တို့ရဲ့သဘာဝ၊ ပုထုဇဉ်တို့ရဲ့ စိတ်ကို တရားနဲ့ နှိုင်းယှဉ်ကြည့်လိုက်ရင် ပုထုဇဉ်မှန်သမျှ အဝိဇ္ဇာနှင့် တဏှာ ခါတ်ခံက ပါလာကြတယ်။ ဘဝအဆက်ဆက်၊ ဘဝတိုင်းဘဝတိုင်းမှာ ဘယ်လိုဘဝမျိုးရောက်နေရောက်နေ ပုထုဇဉ်မှန်ရင် အဝိဇ္ဇာနဲ့ တဏှာ မကင်းပါဘူး။

www.dhammadownload.com



အရင်ဘဝတုန်းကလည်း အဝိဇ္ဇာနှင့် တဏှာ ရှိခဲ့တယ်။ သစ္စာလေးပါးတရား မသိခဲ့ဘူး။ စွဲလမ်း နှစ်သက်၊ ချစ်ခင်တပ်မက်မှုတွေ များခဲ့တယ်။ ဒီ လက်ရှိဘဝ အခုကိုယ်ကိုယ်တိုင် သိနိုင်တဲ့အနေ အထား၊ ဒီဘဝမှာ ကြည့်လိုက်ပြန်တော့လည်း ဘဝ သက်တမ်းတစ်လျှောက်လုံးမှာ အဝိဇ္ဇာနှင့် တဏှာ ကြီးစိုးပါတယ်။

သစ္စာလေးပါး အမှန်တရားတွေကို မသိတာ က အဝိဇ္ဇာ၊ လိုချင်တပ်မက်စွဲလမ်းမှုတွေ ဖြစ်နေတာ က တဏှာပါ။ အဲဒီနှစ်ခုပါရှိနေတဲ့အတွက်ကြောင့် သာမန်လူသားတို့ရဲ့ စိတ်ဟာ မငြိမ်သက်ပါဘူး။ လှုပ်ရှားတယ်။ ပျံ့လွင့်ပါတယ်။ အေးချမ်းမှု၊ ငြိမ်း အေးမှုတွေ မရှိပါဘူး။ အမြဲတမ်း ပူပန်စရာ အတွေး မျိုးစုံနဲ့ ယောက်ယက်ခတ်၊ လိုချင်မှုတွေ၊ မသိ နားမလည်မှုတွေနဲ့ ထွေးလုံးရစ်ပတ်ပြီးတော့ နေတဲ့ ဘဝမှာ သာမန်လူသားတွေရဲ့ စိတ်ဟာ သေး သိမ်ပါတယ်။ ညံ့ဖျင်းပါတယ်။

ပုထုဇဉ်တွေရဲ့စိတ်ကို မညှာတမ်း ပြောရမယ် ဆိုရင် သိပ်ကိုအောက်တန်းကျပါတယ်။ မကြံ ကောင်း၊ မကြံစည်အပ်တာတွေကို ကြံစည်တာ

www.dhammadownload.com



လည်း ပုထုဇဉ်ပါပဲ။ မလုပ်သင့်မလုပ်ထိုက်တဲ့ အလုပ်တွေကို လုပ်နေတာလည်း ပုထုဇဉ်ပါပဲ။ ဒီလိုစိတ်နေစိတ်ထားမျိုးကနေ ကြီးကျယ်မြင့်မြတ်တဲ့စိတ်တွေ ဖြစ်လာဖို့ဆိုရင် ဘာဝနာပွားရပါတယ်။

အဲဒီတော့ ဘာဝနာတရားပွားကြတယ်။ ပွားကြတယ်ဆိုတော့ ဘာတွေပွားလာအောင်၊ ဘာတွေများလာအောင် အားထုတ်နေကြသလဲ။ ကြီးကျယ်မြင့်မြတ်တဲ့သူ တစ်ယောက်ဖြစ်လာဖို့ စိတ်နေစိတ်ထားတွေ၊ ကြီးကျယ်တဲ့သူ မြင့်မြတ်တဲ့သူဖြစ်လာဖို့ ဘာတွေနည်းပါးရမလဲ။ လောဘ၊ ဒေါသ၊ မာန၊ ဣဿာ၊ မစ္ဆရိယတွေပါ။ ကြမ်းတမ်းရုန့်ရင်းတဲ့ သဘောတွေ၊ ရိုင်းစိုင်းတဲ့သဘောတွေ ဘာလို့ ဖြစ်နေကြတာလဲ။ ကြမ်းတမ်းရိုင်းစိုင်းမှုတွေ၊ ရက်စက်မှုတွေ ဖြစ်နေရတဲ့ အကြောင်းရင်းကို ရှာကြည့်ရင် အကြောင်းတရားတွေကို တွေ့ရလိမ့်မယ်။ လောဘရယ်၊ ဒေါသရယ်၊ မာနရယ်၊ ဣဿာရယ်၊ မစ္ဆရိယရယ် ငါးမျိုးကြောင့်ပါ။

www.dhammadownload.com

# ကိုယ့်ရဲ့ကယ်တင်ရှင်

ဘဝတစ်ခု ပိုင်ဆိုင်ရရှိလာတဲ့အချိန်မှာ ဘယ်သူမဆို လူတိုင်းလူတိုင်း သတ္တဝါတိုင်းဟာ ဘဝရဲ့ အခက်အခဲ၊ ဘဝရဲ့အကျပ်အတည်း၊ ဘဝရဲ့ဆင်းရဲ များစွာကို ကြုံရတွေ့ရပါတယ်။

ဆင်းရဲတဲ့သူလည်း ဆင်းရဲတဲ့သူအလျောက်၊ ချမ်းသာတဲ့သူလည်း ချမ်းသာတဲ့သူအလျောက်၊ ငယ်သူကလည်းငယ်သူအတိုင်းအတာနဲ့၊ ကြီးသူကလည်း ကြီးသူအတိုင်းအတာနဲ့ ဖော်ဆောင်ပေးမယ့် ဘဝရဲ့ကယ်တင်ရှင် တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ကိုယ့်ရဲ့ဒုက္ခတွေက လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကို ညွှန်ပြပေးမယ့် ကိုယ့်ရဲ့ ကယ်တင်ရှင်ကို ဖော်ထုတ်ရမှာ ဖြစ်ပါတယ်။

www.dhammadownload.com



တရားနာတာသည် ကိုယ့်ကိုယ်ကိုယ် ကယ်တင်နေတာပါ။

တရားနာတဲ့အလုပ်က ကိုယ့်ကိုယ်ကိုယ် ကယ်တဲ့အလုပ်ပါ။ တရားနာကြတယ်၊ တရားပွဲတွေ အမြို့မြို့ အရွာရွာ နယ်ပယ်ဒေသအသီးသီး ကျင်းပကြတယ်။တရားပွဲတွေကျင်းပနေကြတော့တရားနာသူတွေ အမြောက်အမြား နာယူကြတယ်။ စိတ်ပါဝင်စားစွာနဲ့ တရားကို လေ့လာကြနာယူနေကြတာ ဝမ်းသာအားရ ဖြစ်စရာပါ။ တရားဓမ္မကို နာယူတယ်ဆိုတာကိုယ့်ကိုယ်ကိုယ်ကယ်တဲ့အလုပ်လို့သိထားရပါမယ်။ ကိုယ့်ကိုကယ်တင်တာ တရားက ကယ်တင်တာပါ။ ကိုယ့်ရဲ့ကယ်တင်ရှင်က တရားပါ။ တရားသည်သာလျှင် ကိုယ့်ရဲ့ ကယ်တင်ရှင်လို့ ပြောချင်ပါတယ်။

"တရားဓမ္မ နာယူတယ် နာယူတယ်" ဆိုရာမှာ ဘာအတွက် တရားနာတာလဲလို့ သိသင့်ပါတယ်။ အကြောင်း အမျိုးမျိုး ရည်ရွယ်ချက်အမျိုးမျိုး စိတ်ထားအမျိုးမျိုးနဲ့ တရားပွဲတွေ ကျင်းပကြတော့ တရားပွဲကျင်းပခြင်း၊ တရားနာယူခြင်းသည် ကိုယ့်ကိုယ်ကိုယ် ကယ်ဖို့လို့ နှလုံးသွင်းပါ။

www.dhammadownload.com



ကိုယ့်ကိုယ်ကိုယ် ကယ်တင်တဲ့အလုပ်အနေနဲ့ တရားဓမ္မနာယူတဲ့အခါမှာ ရည်ရွယ်ချက်၊ ဦးတည်ချက် ရှိရမယ်။ တရားပွဲကျင်းပတဲ့ နေရာမှာလည်း မှန်ကန်တဲ့ ဦးတည်ချက် ရည်ရွယ်ချက်ရှိဖို့ လိုပါတယ်။

ဓမ္မလမ်းကြောင်း မတိမ်းစောင်းအောင် သတိထားဖို့ လိုပါတယ်။ ကိုယ့်ကိုယ်ကိုယ် ကယ်တတ်ဖို့ လိုပါတယ်။ ကယ်တင်ရှင် ကယ်တင်ရှင်ဆိုတဲ့ ဒီစကားလုံး ကမ္ဘာပေါ်မှာ အသုံးများပါတယ်။ ဆင်းရဲဒုက္ခ အကျပ်အတည်း တွေ့နေပြီးတော့ ထွက်ပေါက်လိုချင်တဲ့သူမှန်သမျှ ထွက်မြောက်ချင်တဲ့သူမှန်သမျှ ဘာကိုမျှော်လင့်လဲဆိုရင် ကယ်တင်ရှင်ကို မျှော်ကြတယ်။

ဘဝကောင်းစားရေး၊ တိုးတက်ရေး၊ ကြီးပွားချမ်းသာရေး၊ ဘဝမှာ သက်သာအဆင်ပြေရေး အတွက် ကယ်တင်ရှင်ကို လိုလားကြ တောင့်တကြတော့ ဘုရားရှင်ပြောတဲ့ ကယ်တင်ရှင်က တရားတော်ပါ။

www.dhammadownload.com

# စစ်တမ်းထုတ် အဖြေမှန်ရှာ

ဘုန်းကြီးတို့ပရိသတ် ကိုယ် ရထားတဲ့ဘဝကို ဘုရားရှင်ကိုယ်တော်မြတ်ကြီး စစ်တမ်းထုတ်ပြတဲ့ တရားဒေသနာနဲ့ အမြဲတမ်း ပြန်ပြီးတော့ စစ်ဆေးကြည့်ရပါမယ်။ ငါတို့ရဲ့ခန္ဓာ ငါတို့ ပိုင်ဆိုင်ရရှိထားတဲ့ ဘဝကို အို၊ နာ၊ သေနဲ့ တည်ဆောက်ထားတယ်။ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတွေနဲ့ ကြုံတဲ့ချိန်ခါမှာ ဘယ်သူကမှ ဘယ်သူ့ကို မကယ်နိုင်ဘူး။ ဘာတစ်ခုမှ အားကိုးစရာ မရှိဘူး။ တရားသာလျှင် အားကိုးစရာ ရှိတယ်။ ကိုယ်ပိုင်ဥစ္စာများ ရမလားရယ်လို့ ငါတို့ ရှာနေကြတယ်။ ကိုယ်ပိုင်ဥစ္စာဆိုတာ ဒီလောကမှာ ဘာမှမရှိပါဘူး။ ကိုယ် တကယ်တမ်း ပိုင်တာ ကံပဲ ရှိတယ်။ လိုချင်တဲ့တဏှာကို မပယ်နိုင်

www.dhammadownload.com



သေးရင် ဆင်းရဲဒုက္ခတွေ တွေ့ကြုံနေလိမ့်မယ်။ လိုအပ်ချက်တွေ မပြည့်စုံသေးဘူးဆိုရင် ဆင်းရဲဒုက္ခတွေ ရနေလိမ့်မယ်။ ဆင်းရဲဒုက္ခကို ဖြစ်စေတဲ့ တဏှာကို ပယ်နိုင်ပါမှ ချမ်းသာလိမ့်မယ်လို့ ကိုယ့်ဘဝကို စစ်တမ်းထုတ် အဖြေမှန်တွေရပြီးတော့ နားလည်သဘောပေါက်ကြမယ်ဆိုရင်ဖြင့် ဘုန်းကြီးတို့ပရိသတ် သက်သာရာ ချမ်းသာရာကို ရပါလိမ့်မယ်။

ကိုယ်ရရှိထားတဲ့ဘဝကို စစ်ဆေးကြည့်နိုင်ဖို့ အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ် အက္ခဏသုတ္တန်မှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက တရားဓမ္မကျင့်ကြံအားထုတ်ဖို့ မဖြစ်နိုင်တဲ့ ဘဝအခြေအနေ ရှစ်မျိုးကိုလည်း ဟောပြောပါတယ်။ တရားကျင့်ချင်ပေမဲ့ ကျင့်လို့မရ၊ ကျင့်သော်လည်းပဲ ဘယ်လိုမှတရားထူး တရားမြတ်ကို မရနိုင်တဲ့ အခြေအနေ အချိန်အခါတွေ ဖြစ်ပါတယ်။

အခွင့်အရေးကောင်းတွေရနေချိန်မှာမကျင့်ဘဲ အခွင့်ကောင်းတွေ လွဲချော်ချိန်ကို ရောက်မှဆိုရင် ဘယ်လိုပဲ တရားကျင့်ကျင့်၊ ဘယ်လောက်ပဲ အားထုတ်ထုတ် ကြိုးစားခွင့်၊ အားထုတ်ခွင့်တောင် မရ

www.dhammadownload.com



နိုင်တာမို့ ရုပ်ပြစ်ရှစ်ပါးလို့လည်း ခေါ်ပါတယ်။ ရုပ်ပြစ်ရှစ်ပါး သင့်နေချိန်ဟာ ကြောက်စရာကောင်း လွန်းတာမို့ဗုဒ္ဓဘာသာဝင်တိုင်းက "အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရုပ်ပြစ်ရှစ်ပါး ကင်းလွတ်ရပါလို၏" ဟု ဘုရားရှိခိုးတိုင်း ဆုတောင်းကြတာပါ။ ရုပ်ပြစ်ရှစ်ပါး လွတ်နေချိန်ဟာ တရားကျင့်ဖို့ကောင်းတဲ့ ဘဝ အချိန်အခါပါ။

အခု မိမိတို့ရတဲ့ဘဝဟာ အမှန်တကယ် အကောင်းဆုံးဘဝလို့ ပြောရမှာပါ။ ဘာလို့လဲဆိုရင် ခုချိန်မှာ တရားဓမ္မ အားထုတ်ဖို့ အခွင့်အရေးတွေ ရနေပါတယ်။ အားထုတ်မယ် ကျင့်ကြံမယ်ဆိုရင် လည်း ပေါက်မြောက်ပြည့်စုံအောင် ကျင့်နိုင်တဲ့ အနေအထား ရရှိနေကြလို့ပါ။ ဒီလိုအခွင့်အရေးမျိုး ဆိုတာ အချိန်တိုင်းမှာ ဘဝတိုင်းမှာ ရနိုင်တာမျိုး မဟုတ်ပါဘူး။ ကိုယ့်ရဲ့ ကုသိုလ်ကံအလှည့်သင့်လို့ ဘဝဆိုးတွေ လွတ်မြောက်နေချိန်မှာ ရလာတဲ့အခွင့် အရေးကို ထိထိမိမိ ရယူတတ်ကြဖို့ လိုပါတယ်။ အရယူမိကြဖို့ လိုပါတယ်။

❦ ❦ ❦

www.dhammadownload.com

# ဆွံ့အနားပင်း သိဉာဏ်ဖျင်း

အကျင့်မှား ကျင့်တဲ့သူ၊ သာသနာနဲ့ဝေးရာ ရောက်နေတဲ့သူတို့အပြင် ဉာဏ်ရည်ဉာဏ်သွေး၊ ကိုယ်ရေးကိုယ်သွေး နိမ့်ကျ သူဟာ ကံဆိုးတဲ့သူပါ။ စွမ်းဆောင်ရည်တွေ အားနည်းလို့ လူ့ဘဝမှာ ရနိုင်တဲ့အခွင့်အရေးတွေ ရှုံးရပါတယ်။ ပဋိသန္ဓေမှာက တည်းက နိမ့်ကျရမယ့် အခြေအနေ ဖြစ်ခဲ့ရတာပါ။ ဆွံ့အတယ်ဆိုတာက စကားပြောတဲ့အခါမှာ ပီပီ သသမဖြစ်ဘဲ တွန့်ဆုတ်နေတာပါ။ သွားမယ်၊ လာမယ်ဆိုရင်လည်း တချို့ ခြေလှမ်းမှန်အောင် မလှမ်းနိုင်ဘဲ တုံ့ဆိုင်းနေတာမျိုးပါ။ တစ်ကိုယ်လုံး တွန့်လိမ်ပြီးတော့ သွားရရှာပါတယ်။ တချို့က

www.dhammadownload.com



လက်မသန်ဘူး၊ ခြေထောက်မသန်ပါဘူး။ ကိုယ်အင်အားနည်းတဲ့အတွက်ပါ။

တချို့က အ,နေပါတယ်။ အသံထွက်အောင် စကားမပြောနိုင်တဲ့အပြင် သူများပြောတာလည်း နားမလည်ရှာပါဘူး။ သဘောမပေါက်ရှာပါဘူး။ နားပင်းနားထိုင်းတဲ့သူက နားမကောင်းတော့ မြတ်စွာဘုရားရဲ့ တရားဓမ္မတွေကို သိနိုင်တဲ့အခွင့်အရေး မရှိတာပါ။ တချို့က နားလည်းမကောင်း၊ မျက်စိလည်း မကောင်းတဲ့သူတွေ ရှိပါတယ်။ မသွားနိုင်၊ မလာနိုင်၊ မကျင့်နိုင်တော့လို့ပါ။ နောက်တစ်ခါ ဉာဏ်ရည်ဉာဏ်သွေး ကြည့်လိုက်မယ်ဆိုရင် ဉာဏ်မမီသူဟာ ဘယ်လောက်ပဲသင်သင်၊ ဘယ်လောက်ပဲပြောပြော မမှတ်မိပါဘူး။ ထပ်ခါထပ်ခါပြောလည်း မမှတ်မိပါဘူး။ မေ့သွားပြန်တယ်။ ဉာဏ်ရည်မမီတဲ့သူ လူစဉ်မမီတဲ့သူ အဖြစ်မျိုးရောက်နေရင်လည်း အခွင့်ကောင်းတွေ ရှုံးပါလိမ့်မယ်။

တရားဘယ်လောက်ကျင့်ကျင့် သူ့မှာ ထိုင်နေရုံပဲ ရှိမှာပေါ့။ ဘယ်လိုရှုမှတ်ရမယ်၊ ဘယ်လိုနှလုံးသွင်းရမယ်ဆိုတာကိုလည်း နားမလည်၊ စိတ်ထဲမှာ မရှင်းလင်းတဲ့အတွက် လိုက်လို့မမီအောင် ဖြစ်နေ

www.dhammadownload.com



တာဆိုရင်လည်း မြတ်သောအကျင့်ကို ကျင့်ဖို့ အခွင့်ကောင်းနဲ့ လွဲပါတယ်။ အခွင့်အရေးကောင်း ဆိုတာ တစ်ခါတစ်ရံမှ ကြုံနိုင် ဆုံနိုင်ရတာမျိုးပါ။ အမြဲတမ်း အဆင်သင့်မရှိပါဘူး။ တရားကျင့်ဖို့ ဆိုတာလည်းပဲ အမြဲတမ်း အဆင်မပြေနိုင်ပါဘူး။ နေရာထိုင်ခင်း၊ စားရေး သောက်ရေး ဟောတဲ့ပြော တဲ့သူရော အဆင်သင့်ရှိရင်တောင် တစ်သက်လုံး တရားမမှုကျင့်နိုင်ဖို့ မလွယ်ကူပါဘူး။ တရားမရ မချင်းကျင့်ဖို့ခက်ခဲပါတယ်။တရားကျင့်နိုင်တဲ့အခွင့် အရေးဆိုတာ လွယ်လွယ်နဲ့မရပါဘူး။ လက်ရှိနေတဲ့ အခွင့်အရေးဟာ အင်မတန်ကောင်းတဲ့ အခွင့် အရေး၊ မြတ်တဲ့အခွင့်အရေး ကြုံတောင်ကြုံခဲ အခွင့် အရေးလို့ သဘောပေါက်ရမှာပါ။ ဘဝရှုံးသွားတာ က ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရာကာယ် ဖြစ်ရမယ့်ဘဝ တွေပါ။ လူဖြစ်ရှုံးတာက သာသနာနဲ့ ဝေးကွာတဲ့သူ၊ အယူမှားတဲ့သူ၊ ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည် ဉာဏ်သွေး နိမ့်ကျနေတဲ့သူ ဖြစ်နေတာမျိုးပါ။

www.dhammadownload.com

# ကိုယ့်အသိဉာဏ် မသေချာ

အမှန်အမှားကိုသေသေချာချာခွဲခြားသိချင်ရင် တရားနာရပါမယ်။ တစ်ခါတလေမှာ ကိုယ့်အသိဉာဏ်နဲ့ ကိုယ့်အတွေ့အကြုံ ဗဟုသုတတွေနဲ့ ကိုယ်သင်ထားတဲ့ ပညာရပ်တွေနဲ့ တိုက်ဆိုင်စစ်ဆေးပြီးတော့ "ဒါက မှန်တယ်။ ဒါက မမှန်ဘူး" လို့ ကိုယ်ပိုင်ဆုံးဖြတ်ချက်တွေ ချပါတယ်။

ဒီဆုံးဖြတ်ချက်ကို တိကျလိမ့်မယ်၊ မှန်ကန်လိမ့်မယ်လို့ တွက်လို့မရပါဘူး။ လွဲချင်လွဲဦးမှာ၊ ချော်ချင်ချော်ဦးမှာပါ။ ဘာလို့လဲဆိုတော့ ကိုယ့်ရဲ့အသိဉာဏ်သည် စိတ်ချရတဲ့၊ လုံလောက်တဲ့ အသိဉာဏ်မျိုး မဟုတ်သေးလို့ပါ။

www.dhammadownload.com



မြတ်စွာဘုရားရဲ့ အသိဉာဏ်သည် သဗ္ဗညုတဉာဏ် အခြေခံတော့ အလုံးစုံအကုန်သိပ်နေတဲ့အတွက် မှားစရာ မရှိပါဘူး။ အမှန်အမှားသိချင်ရင် တရားနဲ့တိုက်ဆိုင်ကြည့်ပါ။

ကိုယ်ထင့်မြင်ချက်နဲ့ကိုယ် ထင်ရာမလုပ်ရပါဘူး။ ကိုယ်က ကောင်းတယ်ထင်ပေမဲ့လို့ တရားနဲ့တိုက်ဆိုင် ကြည့်လိုက်လို့ လွဲချော်နေရင် မကောင်းဘူးလို့သာ ထားလိုက်ရပါမယ်။ ကိုယ် ကြိုက်ပေမဲ့လို့ သဘောကျနေပေမဲ့လို့ ဒီအကျင့်အကြံသည် ဘုရားဟောနဲ့ မညီရင် မှားနေတယ်လို့သာ လက်ခံထားလိုက်ရပါမယ်။

အမှန်အမှားကို ခွဲခြားဝေဖန်သိချင်ရင် ဘာလုပ်ရမှာလဲဆိုတော့ တရားနဲ့ တိုက်ဆိုင်ကြည့်ရပါမယ်။ တရားနာတော့မှ မှန်တာလည်း သိလာတယ်၊ မှားတာလည်း သိလာတယ်။ မှန်တယ်လို့သိရင် လက်ခံကျင့်သုံးပါ၊ မှားတယ်လို့ သိရင် ပယ်ပစ်ပါ။ မှန်တယ်ဆိုတဲ့ အတွေးအခေါ် အယူအဆဆိုရင် ဆက်ကျင့်ပါ။ မှားတယ်ဆိုရင်တော့ စွန့်ရမှာပါ။

www.dhammadownload.com

# ရှာကိုရှာရမှာက

မိမိတို့အသီးသီး ကျင်လည်ကျက်စားနေရတဲ့ ဘဝ၊ အလှာအမျိုးမျိုး၊ အဆင့်အမျိုးမျိုး၊ အခြေအနေ အမျိုးမျိုးနဲ့ တွေ့ကြုံနေကြရတဲ့ဘဝထဲမှာ တရားမမှ ကိုတော့ဖြင့် မသိမနေ မဖြစ်မနေ သိနားလည် အောင် ကြိုးစားပမ်းစား ရှာဖွေရမယ်၊ ဆည်းပူးမယ်၊ လေ့လာရပါမယ်။

ဘဝထဲ ဓမ္မရှာရမှာပါ။ လူတော်တော်များများ က ဘဝထဲမှာရှုရမယ့် ဓမ္မကို ရှာဖို့မေ့နေတတ်ကြပါ တယ်။ လူတိုင်းလူတိုင်း သတ္တဝါတိုင်း အသီးသီး ပိုင် ဆိုင်ထားကြတဲ့ဘဝ၊ ကိုယ်စီကိုယ်င ရနေကြတဲ့ ဘဝမှာ သတ္တဝါတိုင်း သတ္တဝါတိုင်းက စားဝတ်နေ

www.dhammadownload.com



ရေးကို ကြိုးစားရှာဖွေကြပေမဲ့ အလေးထားမရှာရင် မဖြစ်လို့ ရှာကိုရှာရမှာက ဓမ္မပါ။

ဓမ္မကို ပရိယတ္တိဓမ္မ၊ ပဋိပတ္တိဓမ္မ၊ ပဋိဝေဓ ဓမ္မလို့ သုံးမျိုးခွဲခြားပြီး သိရပါမယ်။ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာရယ်လို့တော့ အသိများပါတယ်။ အသုံးများပါတယ်။ စာသင်တိုက်တွေမှာ စာချဆရာတော်များက စာသင်သား ရှင်ရဟန်းတို့ကို သင်ကြားပို့ချပေးနေတာ ပရိယတ္တိဓမ္မပါ။ အခု တရားနာပရိသတ်တွေကို သိသင့်သိထိုက်တာတွေကို ဟောပြောနေတာ၊ နာယူနေတာလည်း ပရိယတ္တိဓမ္မပါပဲ။

ပရိယတ္တိဓမ္မအခြေခံပြီးတော့မှ စာပေပရိယတ္တိ သင်ကြားတတ်မြောက်ခဲ့တဲ့ အရှင်မြတ်တွေကလည်း သင်ယူထားတဲ့ တရားဓမ္မတွေကို လိုက်နာကျင့်သုံးကြတယ်။ တရားဓမ္မနာယူကြတဲ့ တရားနာပရိသတ်တွေကလည်း နာယူထားတဲ့ တရားဓမ္မတွေကို လိုက်နာကျင့်သုံးကြပါတယ်။ အဲဒီလို လိုက်နာခြင်း၊ ကျင့်သုံးခြင်းသည် ပဋိပတ္တိဓမ္မပါ။

နောက်တစ်မျိုးက ပဋိဝေဓ ဓမ္မပါ။ ပဋိဝေဓဆိုတာ သင်ယူခြင်း၊ ကျင့်ကြံခြင်းဖြင့် ရရှိလာတဲ့

www.dhammadownload.com



အကျိုးရလဒ်က မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ပါ။ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဆိုတာသည် ပဋိဝေဓ ဓမ္မပါ။ ဒီဓမ္မသုံးမျိုးကို ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့ပါတယ်။ ဒီဓမ္မသုံးမျိုးကို ဘဝထဲမှာ ရှာကို ရှာရမှာပါ။